မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၂၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီမာတီ ဆယ်မာ အန်ဆာရီတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီမာတီ ဆယ်မာ အန်ဆာရီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

စာမျက်နှာ ၈ ကော်လံ ၁ ✳

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီမာတီ ဆယ်မာ အန်ဆာရီတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်)

ကျန်းမာပျော်ရွှင်သော မိသားစုဘဝရရှိရေး ရင်သွေးငယ်များ ပိုလီယိုကာကွယ်ဆေး ဂရုပြုတိုက်ကျွေး

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပိုလီယိုရောဂါဆေးတိုက်ကျွေးခြင်းကို ပထမအကြိမ်အဖြစ် ယခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၂ရက်အထိ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှ ၉ရက်အထိ တိုက်ကျွေးသွားမည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာ့ရင်သွေးငယ်များ ပိုလီယိုကင်းစင်ရေးအတွက် ပုံမှန်ပိုလီယို ကာကွယ်ဆေးတိုက်လုပ်ငန်းများကို ဝေးလံခက်ခဲသည့် ကျေးလက်ဒေသများပါမကျန် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားကာကွယ်ဆေးတိုက်နေ့များကိုလည်း ၁၉၉၆ ခုနှစ်မှစ၍ ကိုးကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို လေးကြိမ် ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်နိုင်ခဲ့၍လည်း ၂၀၀၀ပြည့်နှစ်မှစ၍ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နိုင်ငံလုံး ပိုလီယိုအရိုင်းပိုး ကူးစက်မှုမရှိဘဲ ကင်းစင်ခဲ့သည်။ ၂၀၀၇ မတ်လတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ အိမ်နီးချင်းနိုင်ငံမှ ပိုလီယိုအရိုင်းပိုး ကူးစက်ပျံ့နှံ့ခဲ့၍ အချိန်မီပိုင်းဝန်းထိန်းချုပ်နိုင်ခဲ့သည်။

တစ်နှစ်အောက်ကလေးများအား ပုံမှန်ပိုလီယိုကာကွယ်ဆေးကို တစ်လခြားပြီး အနည်းဆုံး သုံးကြိမ်တိုက်ကျွေးခြင်း၊ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများကို အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ရောဂါကူးစက်နိုင်ခြေများသည့်နေရာများ၌ အိမ်တိုင်ရာရောက်သွားရောက်၍ တစ်အိမ်တက်ဆင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပိုလီယိုရောဂါကို ကာကွယ်ဆေးတိုက်ကျွေး၍ ကြိုတင်ကာကွယ်သင့်သည်။ ရောဂါကူးစက်ခံရပါက ရင်သွေးငယ်များသည် ငယ်ရွယ်စဉ်ကတည်းကစ၍ ဒုက္ခိတဘဝရောက်ရှိနိုင်သည့် ရောဂါမျိုးဖြစ်သည်။ နိုင်ငံတော်က ရင်သွေးငယ်များကျန်းမာရေးအတွက် တိုက်ကျွေးမည့် ပိုလီယိုရောဂါကာကွယ်ဆေးကို ကလေးတိုင်း သောက်သုံးခွင့်ရရှိစေရန် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် မိခင်တိုင်းကလည်း မိမိတို့၏ရင်သွေးငယ်များအား သွားရောက်တိုက်ကျွေးသင့်ပေသည်။

ကျန်းမာပျော်ရွှင်သော မိသားစုဘဝရရန် ရင်သွေးငယ်များကို ကာကွယ်ဆေးတိုက်ကျွေးရန်မှာ မိခင်တိုင်းအလေးထားရမည့် အရေးအကြီးဆုံး အချက်ဖြစ်ရာ ဒုတိယအကြိမ်တိုက်ကျွေးမည့် ပိုလီယိုရောဂါကာကွယ်ဆေးကို မိမိတို့၏ရင်သွေးငယ်များအား ဂရုတစိုက်တိုက်ကျွေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေစကြိုမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ယင်းအခမ်းအနားအတွက် ပေးလှူသည့် အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲနှင့် အလှူရေစက်ချပွဲကို ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျားကူးခမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူနှင့် ဂုဏ်ထူးရှင်ကျောင်းသား ကျောင်းသူများ၏ အမှတ်စာရင်းနှင့် အထောက်အထားများ သက်ကြီးပူဇော်ပွဲတို့အတွက် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း) ဖုန်း-၀၆၇-၄၁၀၀၃၈၊ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်း ဖုန်း-၆၈၃၃၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့် ဖုန်း-၂၄၄၄၈၆၊ အတွင်းရေးမှူး ဦးဝင်း ဖုန်း- ၅၂၆၂၄၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ညိုညို ဖုန်း- ၅၃၀၃၃၂၊ ဘဏ္ဍာရေးမှူး ဦးပေါ် ဖုန်း ၆၈၀၇၉၅၊တွဲဖက်ဘဏ္ဍာရေးမှူး ဦးအောင်တင့် ဖုန်း-၅၆၆၂၃၃နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်အုန်းမြင့် ဖုန်း- ၅၁၃၆၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပြဝတီ ရုပ်မြင်သံကြား

၆-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၀	၅။	မဟာဂီတချိုကြည်မြ
၄:၂၅	၆။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဘောဂဗေဒ)
၄:၃၅	၇။	မျိုးချစ်တပ်မတော်
၄:၄၀	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၉)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ရှင်သန်နေသောသီချင်းများ (Living Songs) ကမ္ဘာ့ပေါ်ကချစ်သူများ (အပိုင်း-၁)
	၂၂။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၄)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အလုံမြို့နယ် မိုဘိုင်းလ်အိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ကွန်ပျူတာသုံး မြန်မာစာဘာသာပြန်စနစ် ဆောင်ရွက်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၃ရက်က ရန်ကုန်မြို့ အလုံမြို့နယ် မိုဘိုင်းလ်အိတ်ချိန်းသို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာများက W.CDMA စနစ် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်သုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်ပစ္စည်းများ စံချိန်စံညွှန်းမှန်ကန်မှုရှိရေး၊ အရည်အသွေးမီ ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြန်မာစာအဖွဲ့ ကွန်ပျူတာပညာရှင်အသင်းနှင့် Natural Language Processing တို့မှ ပညာရှင်များ၊ My Myanmar Group မှ ပညာရှင်များ၏ ကွန်ပျူတာသုံး မြန်မာစာဘာသာပြန်စနစ် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

တိုးချဲ့ဆောင်ရွက်မည်

ယင်းနောက် အစည်းအဝေးခန်းမ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာချုပ်များက အော်တိုဖုန်းနှင့် မိုဘိုင်းလ်ဖုန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖန်ခါးမြေဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၅

မကွေးမြို့ ဖန်ခါးမြေဂေါက်ကွင်း၌ ဇန်နဝါရီ၂၈ရက်က ဦးထွန်းထွန်းဆွေသည် ဂေါက်သီးရိုက်ကစားနေစဉ် အကွာအဝေး ၁၈၉ကိုက်ရှိသော ကျင်းအမှတ်(၁၁)၌ Wilson Staff 2 ဂေါက်သီးကို Morcory Tour Iron 5 ဖြင့်ရိုက်ခဲ့ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် အတူကစားဖော်များအဖြစ် ဦးနိုင်ဝင်းအောင်၊ ဦးမျိုးမြင့်ထွန်းနှင့် ဦးစိန်ဝင်းတို့လည်း ရှိနေကြသည်။ (သတင်းစဉ်)

အီရန်၏ ပထမဆုံးဂြိုဟ်တု အာကာသအတွင်းလွှတ်တင်

တီဟီရန် ဖေဖော်ဝါရီ ၅

အီရန်နိုင်ငံက ပထမဆုံးပြည်တွင်းဖြစ် ဂြိုဟ်တုတစ်လုံးကို အာကာသအတွင်း အောင်မြင်စွာ လွှတ်တင်နိုင်လိုက်ပြီဟု အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်သည့် ပရက်စ်တီဗွီရုပ်မြင်သံကြား အစီအစဉ်က ဖေဖော်ဝါရီ ၃ရက်တွင် ကြေညာသည်။

အီရန်ဂြိုဟ်တုသည် တစ်နာရီလျှင် ကမ္ဘာကို ၁၅ကြိမ်ဝန်းပတ်ပျံသန်းလျက် ကမ္ဘာမြေပြင်သို့ သတင်းအချက်အလက်များ ပြန်လည်ပေးပို့မည်ဟု ဆိုသည်။ အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကမ္ဘာ့ပြဿနာအားလုံး တစ်နိုင်ငံတည်းမဖြေရှင်းနိုင် တစ်ဖက်သတ်ဆုံးဖြတ်လုပ်ကိုင်မှုဂျာမနီနှင့် ဆန့်ကျင်

ပါရီ ဖေဖော်ဝါရီ ၅

တစ်ဖက်သတ် ဆုံးဖြတ်လုပ်ဆောင်ခြင်းသည် မိမိတို့၏ ဆက်ဆံရေးစိတ်ဓာတ်နှင့် ဆန့်ကျင်ဖီလာဖြစ်သည်ဟု ပြင်သစ်သမ္မတ ဆာကိုဇီနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲတို့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည့် ပူးတွဲကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဖော်ပြ

ယင်းသို့ တစ်ဖက်သတ် ဆုံးဖြတ်လုပ်ဆောင်ခြင်းဟုဖော်ပြခြင်းမှာ အမေရိကန်သမ္မတဟောင်းဘုရှ်၏ မူဝါဒများကိုရည်ညွှန်းသည့် သဘောဖြစ်သည်။

သမ္မတသစ် ဘားရက်အိုဘားမားအနေဖြင့် ပြုပြင်ပြောင်းလဲပစ်ရန်လည်း ၎င်းတို့နှစ်ဦးက တိုက်တွန်းလိုက်ပြီး မျက်မှောက်ကာလတွင် မည်သည့်နိုင်ငံမျှ ကမ္ဘာ့ပြဿနာအားလုံးကို ဖြေရှင်းနိုင်စွမ်းမရှိကြောင်း၊ လက်ရှိစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရာ၌ ဥရောပသည် အမေရိကန်နိုင်ငံ၏ ပူးပေါင်းမှုလိုအပ်သကဲ့သို့ အမေရိကန်နိုင်ငံသည်လည်း ဥရောပ၏ ပူးပေါင်းမှုရယူရန် လိုအပ်ကြောင်း သတိပေးပြောကြားသည်။

ပြောကြား

ဧပြီလတွင်ကျင်းပမည့် နေတိုးထိပ်သီး အစည်းအဝေးက အမေရိကန်နှင့် မိမိတို့ပိုမိုရင်းနှီးစွာ ဆက်ဆံရေးနှင့်တကွ မဟာဗျူဟာလက်နက်ထိန်းချုပ်ရေး ကိစ္စများတွင် တိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြင်သစ်သမ္မတ ဆာကိုဇီနှင့်ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲတို့က ဖေဖော်ဝါရီ ၃ရက်တွင် ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂါဇာတောင်ပိုင်းသို့ အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

ဂါဇာ ဖေဖော်ဝါရီ ၅

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းသို့ အစ္စရေးအက်-၁၆ တိုက်လေယာဉ်များက ဖေဖော်ဝါရီ၃ရက် ညနေပိုင်းတွင် နှစ်ကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

မျက်မြင်များ၏ ပြောကြားချက်အရ အီဂျစ်နှင့်ဂါဇာကမ်းမြောင်နယ်စပ်ကိုပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာအီဂျစ်မှ ဂါဇာကမ်းမြောင်သို့ တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်သည့် ဥမင်လိုဏ်ခေါင်းများကို ဖျက်ဆီးရန် ရည်ရွယ်၍ ပစ်ခတ်ခဲ့ဟန်တူကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွရေထိန်းတံခါး စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရေငန်တားတာပြုပြင်မှုများ မိုးမကျမီပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းနှင့် သုံးခွမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၁၀ နာရီခွဲတွင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ မီးလင်းရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားကာ မီးပြ-ဖွဲ့ဘာ ကမ်းပတ် တာပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မီးပြစံပြကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်စပ်အကောင်အထည်ဖော်

ထို့နောက် ကျောက်တန်းမြို့နယ် ဖွဲ့ပါကုန်းတန်း ကျေးရွာအနီး၌ စက်ယန္တရားကြီးများဖြင့် ရေငန်တားတာ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက မီးပြ-ဖွဲ့ဘာ ကမ်းပတ်တာ ပြုပြင်နေမှု၊ ကာကွယ်ကေများကို အကျိုးပြုမှုနှင့် စီမံကိန်းလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်း ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိုးမကျမီ ပြီးစီးရေး၊ ရွာများ အနီးပတ်ဝန်းကျင်နှင့် ဆက်စပ်၍ တာများကို ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျောက်တန်းမြို့နယ် သံတဲစုကျေးရွာနှင့် ကုလားတန်ကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် တိုင်းမှူးတို့က ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များကို ပေးအပ်ကြသည်။

ယင်းနောက် ကျောက်တန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှု စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဦးစီးအရာရှိက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျောက်တန်းမြို့နယ် မရမ်းဘေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် ကျောက်တန်းမြို့နယ်အတွင်းရှိ မရမ်းဘေးကျေးရွာ မူလတန်းလွန်ကျောင်း၊ အငူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သနပ္ပင် ချင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကုလားတန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် သံတဲစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌတို့နှင့်အတူ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာက ကျောင်းဆောင်သစ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးထံ ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များက ကွန်ပျူတာ၊ စာအုပ်၊ ခဲတံနှင့် ဗလာစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ Printerနှင့် တိုကျိုပိုက်များကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုံးခွမြို့နယ်ရှိ ပိုက်စီး-မရမ်းတာ ရေငန်တားတာမံ ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာအနီး၌ ကမ်းပြိုတိုက်စားမှု အခြေအနေ၊ လက်ပံကျိုး-အောင်သာဒါန်း လမ်းပိုင်း ကွဲ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

သုံးခွရေတံခါးစီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုံးခွရေထိန်းတံခါး စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိပြီး စိုက်ပျိုးသီးနှံများအတွက် ရေပေးဝေမှု၊ သောက်သုံးရေဖြန့်ဝေပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ရေထိန်းတံခါးများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကွဲ့ခိုင်မှု စစ်ဆေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင် အတွဲ(၃၆)၊ အမှတ်(၂)ကို ဘာသာပြန်စာပေများ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် မောင်ဆုရှင်၊ ဒေါက်တာခင်မောင်ညွန့်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ခင်စောတင့်၊ ချိုးဖြူခင်၊ ဦးတင်ရိုန်၊ စိုးစိုး(ပန်းတောင်း)၊ စိုးသီဟနောင်၊ မောင်သိန်းလှိုင်၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)၊ မှူးခင်(ရွှေပြည်သာ)၊ မောင်မီးအိမ်၊ စိန်ဝင်းနွယ်၊ ဝင်းကိုမြင့်၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ ကျော်စိန်ညွန့်၊ ဒေါက်တာမိုးဆွေ၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ မြဟန်သိန်းမောင်၊ မြင့်လွင်(ဂျပန်ဘာသာ)၊ မြသင်းဟန်၊ ကျော်ရှင်း၊ မောင်လှိုင်းသစ်၊ တောင်တွင်းမင်းစိုး၊ ဒေါက်တာလွှမ်းမိုးဟန်၊ ထွန်းဇော်၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၊ မေဇွန်၊ သူဇာ စသည့်စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများဖြစ်သည့် သမိုင်းဝင်ထူးချွန်အားကစားသမားများ ကလေးစာပေသစ် ဖန်တီးသူ မောရစ်ဆင်းဒက်၊ ကမ္ဘာသစ်များရှာဖွေသူ၊ အပူပိုင်းမုန်တိုင်းဖြစ်ပွားမှု၊ ဖွံ့ဖြိုးဝေစည်အတွေးများ၊ တွန်းလှန်ဖယ်ရှားစိတ်ဖိစီးမှုများ၊ ဇီချွမ်ပြည်နယ်မှ ထူးခြားရှုမငြီးဖွယ်ရာများ၊ အဖေနေ့ဆိုတာ မေတ္တာနေ့ပါ၊ ဘွားဘွား၏နှလုံးသား၊ အမွေစားခံကလေးများ၏အနာဂတ်၊ ထွန်းတောက်အောင်မြင် မန်နေဂျာကောင်းဖြစ်လိုလျှင်၊ အကြိုက်ဆုံး ကစားစရာကလေး၊ တိုက်တန်းနစ်၏ နောက်ဆုံးလျှို့ဝှက်ချက်၊ ၂၀၀၈ခုနှစ် နည်းပညာတီထွင်မှုများ၊ ဥသြငှက်၏ အတ္တ၊ မိန်းကလေးတစ်ယောက်နှင့် ကောက်ကျစ်သောဝံပုလွေကြီး စသည်တို့အပြင် လစဉ်ပါနေကျဖြစ်သည့် ထူးဆန်းထွေလာ ဟာသ၊ သုတတိုထွာ၊ သတင်းသုတ၊ နိုင်ငံတကာမြင်ကွင်း၊ ကမ္ဘာ့မှုးယစ်ဆေးဝါးသတင်း အစရှိသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတရသအကြောင်းအရာမျိုးစုံ ပါရှိသည်။

အဆိုပါသုတပဒေသာစာစောင်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၈၊ ၂၄၉၀၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

(၁၇)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

အလားတူ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ ဘွဲ့လွန်သင်တန်းသား အရာရှိများ၊ ဗိုလ်လောင်းသင်တန်းသားများအတွက် ဆေးပညာ လေ့လာသင်ကြားရေးဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးတက်ရရှိစေရန်အတွက် **Post-Conference Academic Seminar** ကို ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြို့ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးမည်

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်း ၂၈စောင်၊ သုတေသနလုပ်ဆောင်ချက် ပိုစတာ ၁၁ခု၊ **Symposium** လေးခု၊ ဆေးပညာပြောင်းလဲတိုးတက်မှုများနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးမှု ကိုးခု၊ ကုသမှုနှင့် ရောဂါဗေဒဆိုင်ရာ ဆွေးနွေးပွဲတစ်ခုနှင့် ဆေးပညာအခန်းကဏ္ဍ၊ လူနာရောဂါ အခြေအနေနှင့် ကုထုံးများဆိုင်ရာ အပိုင်းတစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်းဆွေးနွေးကြမည် ဖြစ်သည်။

စာရင်းပေးသွင်း

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လိုပါက အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ဖုန်း-၀၃၁-၃၅၂၄၇ နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ဖုန်း-၀၃၆-၅၁၁၁၀တို့တွင် ဖေဖော်ဝါရီ ၅ရက်မှ ၉ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး **Post-Conference Academic Seminar** သို့ တက်ရောက်လိုပါက တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁-၃၅၀၆၃၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ဖုန်း-၀၃၁-၃၅၂၄၇၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ဖုန်း-၀၃၁-၃၁၂၇၇နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ဖုန်း-၀၃၁-၃၅၁၀၉ တို့တွင် ဖေဖော်ဝါရီ ၁၁ရက်မှ ၁၄ ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀	၃။	မြန်မာစာ မြန်မာစကား
၄:၃၀	၄။	(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီစဉ်
၄:၄၅	၅။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
၅:၁၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀	၇။	**ဘဝသစ်ရဲ့စာမျက်နှာ** ငြိမ်းချမ်း၊မြတ်ကေသီအောင်၊ စိုးပြည့်သဇင် ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၅:၃၅	၈။	(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီစဉ်
၅:၄၅	၉။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	သုတစုံလင်ရွှေဘဏ်ရှင်
၇:၀၀	၁၃။	ပြန်လည်ခံစားဆိုပျော်တေးများ
၇:၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၅၀)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာ့ရုပ်မြင်သံကြား ရုပ်ရှင်ထူးချွန်ဆုစာမျက်နှာများ (အပိုင်း-၂)
	၁၉။	မြန်မာရုပ်ရှင် **အဖေတစ်ခုသားတစ်ခု (အပိုင်း-၂)** စိန်မြင့်၊ဇော်လင်း၊ဆွေဇင်ထိုက် အောင်ထွန်းလေး (ဒါရိုက်တာ-မောင်နန္ဒ)

ချင်းပြည်နယ်ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇန်နဝါရီ ၂၁ ရက်တွင် ထန်တလန်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒီဂျစ်တယ်အိတ်ချိန်းရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ချင်းပြည်နယ် ဟားခါးမြို့၌ရောက်ရှိနေသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းတွင် ဟားခါးမြို့၌ ကျင်းပသော ချင်းပြည်နယ် လက်ဖက်ပြခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး လက်ဖက်ခြောက်များ၊ လက်ဖက်မျိုးသီးများနှင့် လက်ဖက်မျိုးစေ့များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းသို့ သွားရောက်ပြီး အိပ်ဆောင်နှင့် ထမင်းစားဆောင်များ၊ စိုက်ပျိုးထားသော သီးပင်၊ စားပင်များကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများအား အားပေးစကားပြောကြားပြီး အဝတ်အထည်နှင့် ပံ့ပိုးငွေများကို ပေးအပ်သည်။

စစ်ဆေးအားပေး

ထိုမှတစ်ဆင့် အိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်းများကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ဖြည့်စွက်တင်ပြ

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် မွန်းလွဲပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ဖြည့်စွက်တင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို မှာကြားပြီး ဒေသခံ တိုင်းရင်းသားများအတွက် အဝတ်အထည်များ၊ ဆေးဝါးများ ပစ္စည်းများနှင့် ပံ့ပိုးငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းနှင့် နိုမန်ပန်းဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဟားခါးမြို့သို့ ရောက်ရှိကြပြီး ဗေသလဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအတွက် စောင်နှင့်အလှူငွေများကို ပေးအပ်လှူဒါန်းကာ ခုတင် (၂၀၀)ဆံ့ ဆေးရုံသစ်ကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဟားခါးတပ်နယ်ခန်းမ၌ တပ်မိသားစုများနှင့် တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Aloke Sen လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

စီးပွားရေးတက္ကသိုလ် (၁၉၆၄-၆၈) ခုနှစ် ဘွဲ့ရသူငယ်ချင်းများ နှစ်ပတ်လည်ခရီးထွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

စီးပွားရေးတက္ကသိုလ် ရန်ကုန်မှ (၁၉၆၄-၆၈)ခုနှစ် ဘွဲ့ရသူငယ်ချင်းများ၏ အနှစ်(၄၀)ပြည့် အမှတ်တရတွေ့ဆုံပွဲကို ရန်ကုန်မှ ဥတို အပန်းဖြေစခန်း(တိုက်ကြီး)သို့ နေ့ချင်းပြန်ခရီးစဉ်ဖြင့် ဖေဖော်ဝါရီ ၂၂ရက် (ကြာသပတေးနေ့)တွင် သွားရောက်ကြမည် ဖြစ်သည်။ ခရီးစဉ်တွင် လိုက်ပါသော သူငယ်ချင်းများအားလုံးအတွက် မော်တော်ယာဉ်၊ နံနက်စာထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါ၍ စီးပွားရေးတက္ကသိုလ် ရန်ကုန် Canteen လက်ဖက်ရည်ဆိုင် (စုရပ်)သို့ ဖေဖော်ဝါရီ ၁၂ရက် နံနက်၇နာရီခွဲ အရောက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုစည်းရောက်ရှိကြရန်နှင့် နီးစပ်ရာ အကျိုးဆောင်များနှင့် ဆက်သွယ်ရန် သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)

ဒုတိယအကြိမ်

"၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်"(စနေနေ့)

"မွေးစမှ အသက် ငါးနှစ်အောက်ကလေးငယ်များအားလုံး ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးတိုက်ကျွေးကြပါစို့"

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာန

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၉ခုနှစ် ပထမအကြိမ် နေပြည်တော်မြို့တော်ဝန်ဖလား နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဖိတ်ခေါ်အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘိုးလင်းအားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မြို့တော်ဝန်ဖလား နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဖိတ်ခေါ်အလွတ်တန်း ဘိုးလင်းအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၉ခုနှစ် ပထမအကြိမ် နေပြည်တော်မြို့တော်ဝန်ဖလား နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဖိတ်ခေါ်အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘိုးလင်းအားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်စနာရီက နေပြည်တော် Sport complex ရှိ ဘိုးလင်းအားကစားခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိုးလင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဧည့်သည်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ နေပြည်တော်မြို့တော်ဝန်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ မြန်မာ့လက်ရွေးစင် အားကစားသမားများပါဝင်သော ဖိတ်ခေါ်အလွတ်တန်းပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ကစားကြသည်။

လေ့ကျင့်ပျိုးထောင်

အဆိုပါ ပြိုင်ပွဲတွင် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၆သင်းတို့မှ အားကစားသမား၉၆ဦး၊ မြန်မာ့လက်ရွေးစင်အားကစားသမားငါးဦး ပါဝင်သော ဖိတ်ခေါ်အလွတ်တန်းပြိုင်ပွဲဝင် ၃၆ဦး၊ စုစုပေါင်း ၁၃၂ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများအား မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်က မျိုးဆက်သစ် နိုင်ငံ့လက်ရွေးစင် ဘိုးလင်းအားကစားသမားများအဖြစ် ပြုစုလေ့ကျင့် ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

ပိန္နဲပင် ဆွဲမထည့်ကြပါနဲ့

အခုတလော နိုင်ငံခြားက မီဒီယာတွေမှာ ထိုင်းနိုင်ငံထဲကို ‘‘ရိုဟင်ဂျာ’’လူမျိုးတချို့ ပင်လယ်ရေကြောင်းကနေ တရားမဝင် ခိုးဝင်ဖို့ ကြိုးစားတာကို ထိုင်းရေတပ်ကဖမ်းမိပြီး ပြန်နှင်ထုတ်ခဲ့ရာက စခဲ့တဲ့ သတင်းတွေ အတော်ကလေး ကျယ်ကျယ်လောင်လောင် ကြားနေရပါတယ်။

အဲဒီရိုဟင်ဂျာတွေထဲက တချို့ဟာ မြန်မာနိုင်ငံက ထွက်လာတာ ဖြစ်တယ်လို့လည်း ရေးသားထုတ်လွှင့်နေကြတာ တွေ့နေရပါတယ်။ တချို့ကလည်း အဲဒီရိုဟင်ဂျာတွေဟာ မြန်မာအာဏာပိုင်တွေက လူ့အခွင့်အရေးချိုးဖောက်ပြီး ခွဲခြားနှိပ်စက်မှုတွေမခံနိုင်လို့ ထွက်ပြေးကြရတာ ဘာညာ စသည်ဖြင့် ဇာတ်နာအောင် ပို့ပေးကြတာ ရှိပါသေးတယ်။

ဒါပေမယ့် တကယ်တမ်းဆန်းစစ်ကြည့်ရင် ဒီပြဿနာဟာ မြန်မာနိုင်ငံနဲ့ မဆိုင်လှသလို လူ့အခွင့်အရေးပြဿနာလည်း မဟုတ်ပါဘူး။ ဒီဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ ကြုံတွေ့နေရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ တရားမဝင် နိုင်ငံဖြတ်ကျော်သွားရောက် အလုပ်လုပ်ကိုင်မှုနဲ့ ဒီကနေ့ ကြုံတွေ့နေကြရတဲ့ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှု ပြဿနာ ပေါင်းစပ်ပြီး ဖြစ်ပေါ်လာခဲ့ရတဲ့ ကိစ္စတစ်ခုလို့ပဲ ယူဆမိပါတယ်။

> **တကယ်တော့ ရိုဟင်ဂျာဆိုတာ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစု တစ်စုအနေနဲ့ ဘယ်တုန်းကမှ မရှိခဲ့ဘူးဆိုတာ နေ့စဉ်သတင်းစာတွေ ထဲမှာလည်း ဖော်ပြထားခဲ့ပြီးပါပြီ။ လူဦးရေထူထပ်တဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသမှာ လူဦးရေဖိအားရဲ့ အန္တရာယ်ကိုမျက်ခြည်မပြတ် စောင့် ကြည့်နေရတာ ဘယ်အစိုးရမဆို လုပ်ကိုလုပ်ရမယ့် တာဝန်တစ်ခုပါ။**

တကယ်တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ လူဦးရေသန်း၁၅၀ကျော်ရှိပြီး ကမ္ဘာပေါ်မှာ လူဦးရေအသိပ်သည်းဆုံး နိုင်ငံတစ်ခု ဖြစ်ပါတယ်။ နိုင်ငံကလည်း ဇရိယာသေးငယ်သလို နွေမှာ ရေရှား၊ မိုးမှာ ရေလျှံတတ်တာမို့ ရိက္ခာဖူလုံအောင်တောင်မှ မနည်းကြိုးစားနေရတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် ဝင်ငွေနည်းပါးပြီး အလုပ်အကိုင် အခွင့်အလမ်းနည်းပါးတဲ့ ဘင်္ဂလားဒေ့ရှ်အောက်ခြေလူထုဟာ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်ကြပြီး ဝင်ငွေရှာကြရပါတယ်။ ပြည်ပမှာသွားပြီး အလုပ်လုပ်ကိုင်နေကြတဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတွေဟာ ၄ဒသမ၅သန်းလောက် ရှိတယ်လို့ မှန်းဆရပြီး သူတို့ပြန်ပို့တဲ့ ဝင်ငွေဟာ တစ်နှစ်ကို ဒေါ်လာ ၈ ဘီလီယံလောက်အထိရှိတာမို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အလွန်အရေးပါတဲ့ ဝင်ငွေရလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလို ပြည်ပထွက်ပြီး လုပ်ကိုင်ကြတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေမှာ တရားဝင်သွားတာရှိသလို တရားမဝင်သွားကြတာတွေလည်း ရှိပါတယ်။ အရှေ့အလယ်ပိုင်း ဒေသတွေမှာ သွားရောက်လုပ်ကိုင်ကြတာရှိသလို အရှေ့တောင်အာရှဒေသကို ထွက်ကြတာတွေလည်း ရှိပါတယ်။

အရှေ့တောင်အာရှဒေသမှာ ပြည်ပအလုပ်သမားတွေ အများဆုံး စိတ်ဝင်စားတဲ့ နိုင်ငံကတော့ မလေးရှားနိုင်ငံ ဖြစ်ပါတယ်။ မလေးရှားနိုင်ငံဟာ လူဦးရေ ၂၅သန်းကျော်လောက်သာရှိပြီးတော့ တစ်နှစ်တစ်ဦးကျ ဝင်ငွေ ဒေါ်လာ ၁၅၇၀၀ရှိတဲ့အတွက် ဒေသတွင်းမှာ အတော်ကလေး စီးပွားရေးတောင့်တင်းလာသလို ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေးအပြင် ဂျပန်နဲ့ အနောက်နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုတွေနဲ့ စက်မှုကဏ္ဍလည်း ထွန်းကားတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ဈေးချိုတဲ့ အလုပ်သမားတွေရဖို့ အတွက် မလေးရှား စီးပွားရေးလုပ်ငန်းတွေက အမြဲလိုအပ်နေတာပါ။

အခုလို ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်မှုကာလမှာ မလေးရှားနိုင်ငံက စက်မှုလုပ်ငန်းတွေဟာ အခြေအနေအရ ထုတ်လုပ်မှုစရိတ်တွေ မဖြစ်မနေ လျှော့ချရတဲ့ အနေအထားရှိပါတယ်။ အဲဒီအခါမှာ လက်ရှိ ပြည်ပ အလုပ်သမားတွေကို လူလျှော့မလား၊ လုပ်ခလျှော့မလားဆိုတဲ့ ပြဿနာ ပေါ်လာပါတယ်။ အလုပ်အကိုင်လျှော့ချလို့ ပြန်ကြတဲ့သူတွေရှိသလို လျှော့သွားတဲ့ လုပ်ခနဲ့ဆက်ပြီး မရပ်တည်နိုင်လို့ ပြန်ကြတဲ့သူတွေလည်း ရှိလာပါတယ်။ အဲဒီလို လျှော့သွားတဲ့လုပ်အားကို အစားထိုးဖို့ ပိုပြီး ချိုသာတဲ့ လုပ်ခနဲ့ လုပ်နိုင်မယ့် လူတွေကို ရှာလာရပါတယ်။ ဒီအခြေအနေဟာ လုပ်ခနည်းနည်းနဲ့ ဘယ်အလုပ်မဆို လုပ်မယ်ဆိုတဲ့ ဘင်္ဂလားဒေ့ရှ် အလုပ်သမားတွေအတွက် ဆွဲဆောင်နိုင်တဲ့ မက်လုံးတစ်ခု ဖြစ်ပါတယ်။

ကိုမြန်မာ

လူဝင်မှုစည်းကမ်းတင်းကျပ်လှတဲ့ မလေးရှားနိုင်ငံကိုဝင်ဖို့ အလွယ်ဆုံး နည်းလမ်းကတော့ ထိုင်းနိုင်ငံ ရနောင်းဘက်ကို ရေကြောင်းက ခိုးဝင်ပြီး ကုန်းလမ်းခရီးကနေ ထိုင်းတောင်ပိုင်းကို ဖြတ်လို့ မလေးရှားဘက်ကို ခိုးဝင်တဲ့နည်းပါ။ ဒီနည်းလမ်းအတွက် လုပ်ပေးမယ့် ပွဲစားတွေကလည်း အဆင်သင့်ရှိပြီး ဖြစ်ပါတယ်။

ရလဒ်ကတော့ အခုလို လှိုင်းလေငြိမ်တဲ့ ဆောင်းတွင်းကာလမှာ ဘင်္ဂလားဒေ့ရှ်ကနေ မလေးရှားဘက်ကို ကပ္ပလီပင်လယ်ဖြတ်ပြီး ခိုးလှေတွေနဲ့ ထိုင်းနိုင်ငံကတစ်ဆင့် ဝင်လာတဲ့သူတွေ များလာတာပါပဲ။ ၂၉-၁-၂၀၀၉ရက်နေ့ထုတ် သည်အီကိုနိုးမစ်ဂျာနယ်ရဲ့ အဆိုအရ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ထိုင်းနိုင်ငံကနေ ထိန်းသိမ်းခဲ့ရတဲ့ ဘင်္ဂါလီလူမျိုးပေါင်း ၅၀၀၀လောက်ရှိတယ်လို့ ဆိုပါတယ်။ ဒါက ဖမ်းမိတဲ့သူတွေပဲ ရှိပါသေးတယ်။ ဖမ်းမမိလိုက်ဘဲ လွတ်သွားတဲ့ ခိုးဝင်လာသူတွေလည်း အများကြီး ရှိမှာပါ။

ပြဿနာတစ်ခုက ထိုင်းတောင်ပိုင်းမှာ မွတ်စလင်လွတ်မြောက်အကြမ်းဖက် ဆူပူမှုတွေကလည်း ဖြစ်နေတဲ့အခါကျတော့ ထိုင်းအာဏာပိုင်တွေက ဘာတရားဝင်စာရွက်စာတမ်းမှမရှိတဲ့ ခိုးဝင်သူတွေဟာ ထိုင်းတောင်ပိုင်းကိုဖြတ်ရင်း ဘာသာတူတဲ့ အဲဒီအကြမ်းဖက် အုပ်စုတွေနဲ့ ပေါင်းသွားမယ့်အရေးကို အတော်ကလေး စိုးရိမ်ခဲ့ကြတယ်လို့ သည်အီကိုနိုးမစ်ဂျာနယ်မှာ ရေးထားပါတယ်။

ဒါကြောင့် ထိုင်းအစိုးရအနေနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်က ခိုးဝင်လာသူတွေကို လက်မခံဘဲ နောက်ကိုဝင်မလာရဲအောင် တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီဇင်ဘာလထဲမှာ ခိုးဝင်လာတဲ့ လှေတွေကို ထိုင်းရေတပ်က ဖမ်းဆီးပြီး ခိုးဝင်လာတဲ့သူ ၁၀၀၀နီးပါးကို ရနောင်းကမ်းလွန်က ကျွန်းကလေးတစ်ကျွန်းပေါ်မှာ ထိန်းသိမ်းထားခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီကနေ နိုင်ငံခြားမီဒီယာတွေအဆိုအရ လှေတွေက အင်ဂျင်စက်တွေကိုဖြုတ်ပြီး ဆန်အိတ်တချို့နဲ့ သောက်ရေတိုင်ကီတချို့ တင်ပေးလိုက်ပြီး ပင်လယ်ထဲမျှောလွှတ်လိုက်တယ်လို့ ဆိုပါတယ်။ အဲဒီထဲက တချို့က အင်ဒိုနီးရှားနိုင်ငံ အာချေးကျွန်းဘက်ကို မျောသွားပြီး အင်ဒိုနီးရှားက ထိန်းသိမ်းထားတယ်လို့ ဆိုပါတယ်။

တချို့ကတော့ ဇန်နဝါရီလဆန်းပိုင်းမှာ အိန္ဒိယပိုင် အင်ဒမန်ကျွန်း (ကပ္ပလီကျွန်း)နားကို ရောက်သွားပြီး အိန္ဒိယရေတပ်က ကယ်ဆယ် ထိန်းသိမ်းထားတယ်လို့ ဆိုပါတယ်။ အဲဒီအုပ်စုထဲက တချို့ကတော့ ကမ်းခြေကို လှမ်းမြင်ရတာနဲ့ ရောက်လိုဇောနဲ့ ရေထဲကိုခုန်ချပြီး ကူးခတ်ကြရာက သေဆုံးကုန်ကြတယ်လို့ ဆိုပါတယ်။ ဒီသတင်းက နိုင်ငံတကာ မီဒီယာတွေထဲကို ရောက်သွားရာမှစပြီး လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့တာပါ။

ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း ဒီခိုးဝင်လာတဲ့သူတွေဟာ စီးပွားရေးအကြောင်းရင်းကြောင့် ဝင်ရောက်လာတာဖြစ်တယ်လို့ ကြေညာချက် ထုတ်ပြန်ထားပါတယ်။ ထိုင်းတရားရုံးချုပ်ကလည်း ဒီလိုပါပဲ။ စီးပွားရေးကြောင့် တရားမဝင်ခိုးပြီး ဝင်လာကြသူတွေဖြစ်တဲ့အတွက် ထိုင်းနိုင်ငံမှ ပြန်ထွက်သွားရမယ်ဆိုပြီး အမိန့်ချထားပါတယ်။

တကယ့်ပြဿနာရဲ့ အရင်းအမြစ်အခြေခံကတော့ စီးပွားရေးပါပဲ။ ဒါပေမယ့် ဒီကြားထဲမှာ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ပြဿနာရှာချင်တဲ့ သူတွေက ရိုဟင်ဂျာဆိုတာကို ရှေ့တန်းတင်လာပါတယ်။ ထို့အတူ နိုင်ငံရေးအရ ဒုက္ခသည်အဖြစ် ခံယူချင်တဲ့သူတွေ၊ ဒုက္ခသည်အခွင့်အရေးကို ခံစားချင်တဲ့ ခိုးဝင်သူတွေကလည်း ရိုဟင်ဂျာမျက်နှာဖုံးကိုစွပ်ပြီး မြန်မာအာဏာပိုင်တွေကပဲ နှိပ်စက်လို့ မြန်မာနိုင်ငံထဲမှ ပြေးလာရသလိုလို နိုင်ငံတကာရဲ့ ကရုဏာသက်မှုကိုရယူဖို့ ပြောဆို ကြိုးစားလာကြတာ ဖြစ်ပါတယ်။

တကယ်တော့ ရိုဟင်ဂျာဆိုတာ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လူမျိုးစုတစ်စုအနေနဲ့ ဘယ်တုန်းကမှ မရှိခဲ့ဘူးဆိုတာ နေ့စဉ်သတင်းစာတွေ ထဲမှာလည်း ဖော်ပြထားခဲ့ပြီးပါပြီ။ လူဦးရေထူထပ်တဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသမှာ လူဦးရေဖိအားရဲ့ အန္တရာယ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရတာ ဘယ်အစိုးရမဆို လုပ်ကိုလုပ်ရမယ့် တာဝန်တစ်ခုပါ။ အားနာနာနဲ့ မပြောမဖြစ်လို့ပြောရရင် အိန္ဒိယနိုင်ငံဆိုရင် ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်မှာ လူခိုးမဝင်နိုင်အောင် ခြံစည်းရိုးခတ်ဖို့တောင်မှ လုပ်ခဲ့တာ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် မြန်မာအစိုးရတွေအနေနဲ့လည်း တစ်ဖက်နိုင်ငံက တရားမဝင် ဝင်ရောက်လာမှုတွေကို ကာကွယ်နိုင်ဖို့ ထိုက်သင့်တဲ့ စစ်ဆေးကြပ်မတ်မှုတွေ လုပ်ခဲ့ရတာပါ။ ၁၉၆၀ပြည့်လွန်နှစ်တွေကစပြီး နယ်စပ်ဒေသလူဦးရေကို ကောက်ယူကြည့်ရာမှာ လွတ်လပ်ရေးရခါစအခြေအနေတွေထက် လူဦးရေတိုးနှုန်းက သဘာဝမကျစွာ တိုးတက်များပြားလွန်းတာကြောင့် စစ်ဆေးမှုတွေလုပ်ခဲ့ရာမှာ အစစ်ဆေးမခံနိုင်သူတွေက တစ်ဖက်မူရင်းနိုင်ငံထဲကို ပြန်ပြေးခဲ့ကြတာပါပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း မြန်မာအစိုးရက နိုင်ငံတကာနဲ့ရော၊ ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ရော ဆွေးနွေးညှိနှိုင်းပြီးတော့ သတ်မှတ်မှု စည်းကမ်းများနဲ့အညီ စနစ်တကျ ပြန်လည်လက်ခံခဲ့ပြီးဖြစ်ပါတယ်။ ဟိုဘက်ကမ်းမှာ ကျန်နေတာက သူတို့ဘာသာသူတို့ ပြန်မလာချင်လို့သာ ပြန်မလာကြတာ ဖြစ်ပါတယ်။ ဒီဘက်က လက်မခံလို့ မဟုတ်ပါဘူး။ ဒါကလည်း တရားဝင် စာရင်းဇယားအရ လူခြောက်ထောင်လောက်ပဲ ကျန်တာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ‘‘မြင်မြင်သမျှ ယောက္ခမထန်းတော’’ ဆိုတာမျိုးနဲ့ ဘင်္ဂါလီမှန်သမျှ ‘‘ရိုဟင်ဂျာ’’ တွေ၊ ‘‘နိုင်ငံမဲ့ ဒုက္ခသည်’’တွေလို့ ကင်ပွန်းတပ်ပြီး ဇာတ်နာအောင်၊ နိုင်ငံရေးအရထိုးနှက်နိုင်အောင် လုပ်နေတာကတော့ စိတ်ပျက်ဖို့ ကောင်းပါတယ်။

သင်္ဘောဆရာတော်ကြီး မိန့်တော်မူဖူးတဲ့ ပုံပြင်ထဲကလို လင်ငယ်နေတဲ့ အမျိုးသမီး၊ လင်ကြီးက လင်ငယ်ကို တင်းပုတ်နဲ့ထုလိုက်လို့ သေသွားတဲ့ အခါ ဘုန်းကြီးကျောင်းက ပိန္နဲပင်မှာ သွားထောင်ထားပြီးတော့ ဘုန်းတော်ကြီးကလည်း အမှုပတ်မှာစိုးလို့ ခေါင်းတုံးရိတ်ပြီး အာဂန္တုဘုန်းကြီးပုံ လုပ်လိုက်ရတာမို့ ဟိုအမျိုးသမီးက ‘‘အစကတော့ သျှောင်၊ ပိန္နဲပင်ထောင်ကာမှ ခေါင်းပြောင်ရသလေး’’လို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုလိုက်ရာမှာ ဘုန်းတော်ကြီးက ‘‘ဟဲ့… ငါ့ပိန္နဲပင်မပါစေနဲ့’’လို့ ငေါက်လိုက်ရသလို ဒီပြဿနာမှာလည်း သက်ဆိုင်ရာ နိုင်ငံတွေရဲ့စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာ၊ လုံခြုံရေးပြဿနာတွေ များစွာနဲ့ အကြောင်းကြောင်းကြောင့် အကျိုးဆက်ဖြစ်လာတာကို ဘာမဆိုင် ညာမဆိုင် ပြဿနာမရှိ ပြဿနာရှာပြီး မြန်မာနိုင်ငံကို **‘‘ပိန္နဲပင်ဆွဲမထည့်ပါနဲ့’’** လို့ ပြောလိုက်ချင်ပါတော့တယ်။ ။

> **တကယ့်ပြဿနာရဲ့ အရင်းအမြစ် အခြေခံကတော့ စီးပွားရေးပါပဲ။ ဒါပေမယ့် ဒီကြားထဲမှာ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ပြဿနာရှာချင်တဲ့ သူတွေက ရိုဟင်ဂျာဆိုတာကို ရှေ့တန်းတင်လာပါတယ်။ ထို့အတူ နိုင်ငံရေး အရ ဒုက္ခသည်အဖြစ် ခံယူချင်တဲ့သူတွေ၊ ဒုက္ခသည်အခွင့်အရေးကို ခံစား ချင်တဲ့ ခိုးဝင်သူတွေကလည်း ရိုဟင်ဂျာမျက်နှာဖုံးကိုစွပ်ပြီး မြန်မာအာဏာ ပိုင်တွေကပဲ နှိပ်စက်လို့ မြန်မာနိုင်ငံထဲမှ ပြေးလာရသလိုလို နိုင်ငံတကာရဲ့ ကရုဏာသက်မှုကို ရယူဖို့ ပြေးဖို့ ကြိုးစားလာကြတာ ဖြစ်ပါတယ်။**

6-2 (05).pmd 1 2/6/2009, 2:25 AM

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကမာနတ်-သန်လျင် မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမာနတ်–သန်လျင်မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း

လျှပ်စစ်(၂)ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် 230/33/11 KV(60 MVA) ကမာနတ် (ပဲခူး) ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံရှိ Switch Yard အတွင်း ဓာတ်အားလိုင်း အဝင်/အထွက် ချိတ်ဆက်ထားရှိမှု၊ ဓာတ်အားခွဲရုံ တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများသိုလှောင်ထားမှု၊ Control Panel Boxများ တပ်ဆင်ထားရှိမှု၊ ဘက်ထရီအိုးများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် 230KV ကမာနတ်-သန်လျင် မဟာဓာတ်အားလိုင်း ၆၁ မိုင် တည်ဆောက်ရေးစီမံကိန်းတာဝါတိုင်များ တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားလိုင်းကြိုး သွယ်တန်းပြီးစီးမှု၊ တာဝါတိုင်(၈၃)နှင့် (၈၄)အကြား လမ်းကျော်ဓာတ်အားလိုင်းကြိုးသွယ်တန်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် သုံးခွမြို့အနီး တာဝါတိုင်အမှတ်(၂၄၇)နှင့် (၂၄၈)အကြား ဓာတ်အားလိုင်းကြိုး သွယ်တန်းပြီးစီးမှု၊ မဟာဓာတ်အားလိုင်းကြိုးများ တစ်ကြိုးနှင့်တစ်ကြိုး အကွာအဝေးညီစေရန်နှင့် ထိစပ်မှုမရှိစေရန်အတွက် ဓာတ်အားလိုင်းကြိုးပေါ်သုံး စက်ဘီးဖြင့် Conductor Spacer များ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် သန်လျင်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ခွဲရုံအတွင်း၌ စီမံကိန်းမန်နေဂျာက 230KV ကမာနတ်(ပဲခူး)-သန်လျင်မဟာ ဓာတ်အားလိုင်း (၆၁) မိုင်နှင့် 230KV သန်လျင်-သာကေတ မဟာဓာတ်အားလိုင်း ၇ဒသမ၇မိုင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်းဆိုင်ရာ ပစ္စည်းများ ရောက်ရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Certificate in recognition of meritorious service ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရသော Captain ကျော်သက်အောင်အား ဂုဏ်ပြု

ဂျာဗားပင်လယ်ပြင်၌ ရာသီဥတုဆိုးရွားပြင်းထန်စဉ် နစ်မြုပ်သွားသော MV Fitria Persada သင်္ဘောမှ သင်္ဘောသားများအသက်ကို ကယ်တင်နိုင်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ ၂၀၀၈ ခုနှစ်အတွက် IMO Award for Exceptional Bravery At Sea ဆုချီးမြှင့်ပွဲတွင် Certificate in recognition of meritorious service ဂုဏ်ပြုဆုလက်မှတ် ချီးမြှင့်ခြင်းခံရသော Captain ကျော်သက်အောင်အား ဂုဏ်ပြုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဘုဏ်ထွန်းအောင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေကြောင်းဘက်ဆိုင်ရာအဖွဲ့ အစည်းအသီးသီးမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက IMO ကချီးမြှင့်သည့်ဆုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက IMO က ချီးမြှင့်ခဲ့သော Certificate in recognition of meritorious service ဂုဏ်ပြုဆုလက်မှတ်အား Captain ကျော်သက်အောင်သို့ပေးအပ်ပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဘုဏ်ထွန်းအောင်က မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းနှင့် မြန်မာသင်္ဘောသား ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတို့က ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး Captain ကျော်သက်အောင်က ၄င်းတွေ့ကြုံခဲ့သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက IMO မှ ချီးမြှင့်ခဲ့သော Certificate in recognition of meritorious service ဂုဏ်ပြုဆုလက်မှတ်အား Captain ကျော်သက်အောင်သို့ ပေးအပ်စဉ်။ (ပို့ဆောင်ရေး)

အဆိုပါဂုဏ်ပြုဆုလက်မှတ်သည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်က ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသောသူများအား ကိုယ်ကျိုးစွန့်၍ ရဲရင့်စွန့်စားစွာ ကယ်တင်ခဲ့သူများ၊ ပင်လယ်ပြင်နှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် ဘေးအန္တရာယ်များအပေါ် ထိရောက်စွာ ကြိုတင်ကာကွယ်ဟန့်တားခဲ့သောသူများအပေါ် ချီးမြှင့်သည့် နိုင်ငံတကာ အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်တစ်ခုဖြစ်ပြီး Captain ကျော်သက်အောင်သည် MV ANL Warringa သင်္ဘောတွင် ရေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလက ဂျာဗားပင်လယ်ပြင်၌ ရာသီဥတုဆိုးရွားပြင်းထန်နေစဉ် နစ်မြုပ်သွားသော MV Fitria Persada သင်္ဘောမှ သင်္ဘောသား ၁၅ဦး၏အသက်ကို ခက်ခက်ခဲခဲ ကယ်တင်နိုင်ခဲ့ခြင်းအတွက် ချီးမြှင့်ခြင်းခံခဲ့ရသော ဂုဏ်ပြုလက်မှတ်တစ်ခုဖြစ်သည်။

ဆုချီးမြှင့်ခြင်း အခမ်းအနား

အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်ကကျင်းပသော ၂၀၀၈ ခုနှစ်အတွက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်၏ (၈၅)ကြိမ်မြောက်Maritime Safety Committee အစည်းအဝေး ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ချီးမြှင့်

အဆိုပါအခမ်းအနားသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၄ နိုင်ငံမှ ကိုယ်စားလှယ်များအပါအဝင် ရေကြောင်းဘက်ဆိုင်ရာ အဖွဲ့အသီးသီးမှ ဧည့်သည်တော် ၇၀၀ ကျော်တက်ရောက်ကြပြီး ဆုလက်မှတ်များကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ် Mr. Mitropolous က ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

လက်ခံရယူ

ဂုဏ်ပြုဆုလက်မှတ်ချီးမြှင့်သည့် အခမ်းအနားသို့ Captain ကျော်သက်အောင် မတက်ရောက်နိုင်ခဲ့သည့်အတွက် ကာယကံရှင်ကိုယ်စား အစည်းအဝေးတက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကိုယ်စားလှယ် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Captain ဦးသက်ဌေး လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆုချီးမြှင့်

ဇန်နဝါရီ ၃၀ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၁၄)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ၂၀၀၈-၂၀၀၉ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောရင်က သူငယ်တန်းမှ ပထမတန်းအထိ နှစ်နှစ်ဆက်တိုက် ပထမဆုရ မောင်အောင်မင်းခန့်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အောင်ပွဲရ သိုင်းဆရာကြီးများ ဂုဏ်ပြုပွဲ တွံတေးမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သိုင်းပညာစဉ်ပြပွဲနှင့် တတိယအကြိမ် ဗန်တို(အတိုက်) ပြိုင်ပွဲ ဗန်တိုအထူးစိန်ခေါ်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ပြသခဲ့သော တွံတေးမြို့နယ် အောင်ပွဲရ သိုင်းဆရာကြီးများနှင့် ပြိုင်ပွဲဝင်ကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ၂၅ရက် မွန်းလွဲ ၂ နာရီက တွံတေးမြို့ ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သိုင်းဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား စခန်းမှူးရဲအုပ်မြင့်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင်ပါဝင်ပြသခဲ့သော ဆရာ ဦးဟန်မျိုးကျော်နှင့် ဆရာ ဦးလှသိန်း တို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် သိုင်းပြောင်းပြန်အဖွဲ့မှ ဦးရန်နိုင်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီးနောက် အောင်ပွဲရသိုင်းဆရာကြီးများနှင့် ကစားသမားများအား စခန်းမှူး ရဲအုပ်မြင့်ကျော်က တစ်ဦးချင်း ဂုဏ်ပြုလွှာများပေးအပ်သည်။ **(အပေါ်ယာပုံ)**

(၁၀၅)

6-2 (06).pmd 1 2/6/2009, 2:25 AM

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ရွှေသင်း ဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

မန္တလေးတိုင်း ရမည်းသင်းမြို့ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည့် ကျပ်သိန်း၈၀၀တန် ရွှေသင်းဘိုးဘွားရိပ်သာကြီးအတွက် ငွေကျပ်တစ်သိန်း စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ၂၂ရက် ညနေ၄နာရီက ရမည်းသင်းမြို့ ညောင်ပင်ရပ်ကွက် အလှူရှင်ဦးမြင့်သိန်း-ဒေါ်ခင်စန်းဝင်း နေအိမ်၌ကျင်းပရာ ဘိုးဘွားရိပ်သာတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေက လက်ခံယူသည်။ (၁၆၉)

ရေစကြို မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဆွေးနွေး

ရေစကြိုမြို့ မြို့နယ်စည်ပင်သာယာရေးရုံး အမှုဆောင်အရာရှိ ရုံးခန်းမဆောင်တွင် ဇန်နဝါရီ ၂၅ရက်က မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဈေးမိဈေးဖ ဦးမင်းနိုင်နှင့် ဈေးအကျိုးဆောင် ဦးကျော်ရင်တို့က ဆွေးနွေးမှုများကို အမှုဆောင်အရာရှိက ပြန်လည်ညှိနှိုင်း ဆွေးနွေးကြသည်။ (၀၆၉)

မိုးကောင်း၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ပထမအကြိမ်အဖြစ် အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးခြင်း အခမ်းအနားများကို ဇန်နဝါရီ၁၀ရက်နံနက်ပိုင်းက မိုးကောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုအလိုက် ဆေးတိုက်စုရပ် အသီးသီး၌ ကျင်းပကြသည်။ (၀၀၁)

နွားထိုးကြီး၌ ငွေချည်(၆) ဝါစိုက်ပျိုး

နွားထိုးကြီးမြို့နယ်တွင် အထွက်ကောင်း ငွေချည်(၆)ဝါကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြို့နယ်ဝါလုပ်ငန်း၏ စည်းရုံးမှုကြောင့် မိုးကြိုဧက ၁၅၀၀ကျော်၊ မိုးနှောင်းဧက ၅၀၀၀ကျော်၊ မိုးချည်မျှင် ဧက ၂၀၀၀ စုစုပေါင်းဧက ၈၅၀၀ကျော်ခန့် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။ (၀၉၂)

ဆီဆိုင်မြို့၌ ပန်းအလှပင်များ စိုက်ပျိုး

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင်ရုံးဝင်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဒီဇင်ဘာ ၂၈ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်မောင်ခက ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကန့်ဘလူ၌ တည်ဆောက်ပြုပြင်ရေး အဆင့်မြှင့်ရေးဆွေးနွေး

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မြို့ပြတည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ အဆင့်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် နံနက် ၁၀နာရီက ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမဆောင်၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအုန်းချိုက အမှာစကားပြောကြားကြောင်း သိရသည်။ (၀၂၇)

ချီဖွေ၌ ပိုလီယိုကာကွယ်ဆေး ဆင့်ပွားသင်တန်းဖွင့်

ချီဖွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသော ၂၀၀၉ခုနှစ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြအေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဆရာဝန် ဒေါက်တာဘရန်အောင်က ကာကွယ်ဆေးတိုက်ကျွေး၊ ထိုးခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

စာပေဟောပြောပွဲများ မိတ္ထီလာခရိုင်၌ ကျင်းပ

မိတ္ထီလာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၁၃၇၀ပြည့်နှစ် နတ်တော်လ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများကို မိတ္ထီလာ၊ မလှိုင်နှင့် သာစည်မြို့နယ်များတွင် ဇန်နဝါရီ ၁၇ရက်ကကျင်းပရာ စာရေးဆရာများဖြစ်ကြသော ကဗျာဆရာမောင်သင်းပန်၊ ယဉ်ယဉ်နု (မန္တလေး)၊ ကိုဘုန်း(ဓာတု)နှင့် စာရေးဆရာမ စုမြတ်မွန်မွန်တို့က စာပေရေးရာများ ဟောပြောကြသည်။ (၀၈၆)

တောင်ကြီးမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းဖွင့်လှစ်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သည့် အရှည် ၂မိုင်ရှိသည့် လုံးတိုင်-ကျောက်တိုင်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီက အဆိုပါ ကျေးလက်လမ်းမုခ်ဦးထိပ်၌ကျင်းပရာ တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

မလှိုင်၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

၂၀၀၉ခုနှစ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၀ရက်နံနက်က မလှိုင်မြို့ အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးသည်။ (မြို့နယ် ပြန်/ဆက်)

ဟိုပင်မြို့ စာတိုက်လမ်း၌ တံတားပြုလုပ်

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော စာတိုက်လမ်း သစ်သားတံတားပြုလုပ်ခြင်းကို ဒီဇင်ဘာ၁၉ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံဦးသိန်းထူးနှင့် အင်ဂျင်နီယာ ဦးအောင်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)
(၇-၂-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မေတ္တသုတ်နှင့် ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိ အသိရှိစေဖို့ (လုံ့လဝီရိယ)
၈း၄၅ တေးပဒေသာ
၉း၀၀ ဘဝအသွင်ကဗျာ့အမြင် (ဘဝသစ်သို့)
၉း၁၀ တေးပဒေသာ
၉း၃၀ မွေးနေ့လက်ဆောင်
၉း၄၅ အာဆီယံအစီအစဉ်
၉း၀၀ အစီအစဉ်ပြီး၏။

၁၀း၁၀ သတင်းစာအာဘော်
၁၀း၂၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ပုံပြောပြိုင်ပွဲ) (ဓမ္မပါလသတို့သားပုံပြင်) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဓာတ်လမ်းပမာနားဆင်စရာ (ကိုယ်ပိုင်အလင်းဖြင့် ထွန်းလင်းကြသူများ)
၁၁း၅၅ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ယာဂုထမနဲ တပို့တွဲ) နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ)
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး (ကိုယ်ကျင့်တရား)
၁၆း၃၀ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၁၇း၀၀ လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ၂၀၀၇ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ခြင်း
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ လယ်ယာစီးပွား
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၃၀ ကျန်းမာရေးရာ သိကောင်းစရာ (အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၀၀ နိုင်ငံတကာအနုပညာ (၃၆) လူမှုရေးဦးတည်ချက်
၂၁း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၂း၀၀ အစီအစဉ်ပြီး၏။

ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဖေဖော်ဝါရီ ၃ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ၆မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် ပင်မတမံ မြေသားဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှု၊ ကွန်ကရစ်သွန်းလောင်းပြီးစီးမှု စသည့် စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ၇၃ ဒသမ ၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့၏ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရခိုင်ပြည်နယ် ပထမ၊ ဒုတိယ၊ တတိယနှင့် ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရရှိကြသူ အသင်းဝင်များ၏ သားသမီး၊ မြေးများ၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများ၌ ဆုရရှိသူများစာရင်းနှင့် ငွေ၊ ပစ္စည်းလှူဒါန်းလိုသူများသည် ဖေဖော်ဝါရီ ၁၈ရက် နောက်ဆုံးထား၍ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်ဝင်းမေ ဖုန်း-၃၈၇၄၅၁၊ ဒေါ်ခိုင်နု ဖုန်း-၅၁၀၉၂၂၊ ဒေါ်မြညွန့် ဖုန်း-၂၂၆၄၂၅၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁-၃၉၇၉၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃နှင့် ဦးကျော်နိုင် ဖုန်း-၀၉-၅၀-၀၁၉၆၄တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပစ္စည်းအမယ်စုံလင်သည့် ဝင်းသူဇာ (တာမွေ)

ရန်ကုန် ဖေဖော်ဝါရီ ၅

- စက်မှု(၁) ထုတ်ကုန်များကို နိုင်ငံအနှံ့ အောက်ခြေအထိ ဖြန့်ဖြူးရေး။
- စက်မှု(၁) ထုတ်ကုန်များဖြစ်သည့် စားသောက်ကုန် အိမ်သုံးပစ္စည်းများကို လူတန်းစားမရွေး ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး။
- သွင်းကုန်အစားထိုး ပြည်တွင်းဖြစ်ပစ္စည်းများကို ပြည်သူများ တွင်ကျယ်စွာ အားပေးနိုင်ရေး။
- ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး။
- နိုင်ငံခြားငွေသက်သာပြီး ပြည်တွင်းကျပ်ငွေ တန်ဖိုးမြှင့်တင်ရေး။
- စားသုံးသူနှင့် ထုတ်လုပ်သူများကို ဈေးနှုန်းချိုသာစွာ အလွယ်တကူ စားသုံးနိုင်သည့်အတွက် နိုင်ငံတော်၏ ပြည်သူများအပေါ် ထားရှိသည့် စေတနာကို သိမြင်လာစေရေး

ဟူသော ဝင်းသူဇာအရောင်းဆိုင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၆၈)ဖိုးစိန်လမ်းရှိ ဝင်းသူဇာ အရောင်းဆိုင်(တာမွေ) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က ဖွင့်လှစ်ခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ရောင်းဝယ်ရေးဌာနအထွေထွေမန်နေဂျာ ဦးကျော်ကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက ဝင်းသူဇာအရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အရောင်းဆိုင်အတွင်း စက်မှု(၁)မှ ထုတ်ကုန်ပစ္စည်း ၄၈၃မျိုးကို ဝယ်ယူချင်စဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသော ဆိုင်ခန်းအတွင်း အရောင်းကောင်တာအလိုက် စုံလင်စွာ တွေ့မြင်ရပြီး တစ်နေရာပြီး တစ်နေရာ၊ ဝယ်ပြီးရင်း

ဝင်းသူဇာ (တာမွေ) ဆိုင်ကြီးကြပ်သူ ဦးသက်တင်ဦး(စက်ရုံမှူး) အလုံ အချိုရည်စက်ရုံမှ ရှင်းလင်းပြောကြား။

ဝယ်ချင် ဖြစ်နေကြသည်။ ဝင်းသူဇာဆိုင်ကြီးကြပ်သူ ဦးသက်တင်ဦး(စက်ရုံမှူး) အလုံအချိုရည်စက်ရုံနှင့် တွေ့ဆုံလေ့လာမေးမြန်းကြည့်ရာ တာမွေမြို့နယ်အတွင်း ဝင်းသူဇာအရောင်းဆိုင်ကို ပထမဆုံးဖွင့်လှစ်ခဲ့ကြောင်း၊ အချက်အချာကျသည့်နေရာဖြစ်ပြီး သပ်ရပ်ခမ်းနားစွာ ခင်းကျင်းပြသထားပြီး ဖွင့်လှစ်ရောင်းချသည့်အတွက် အခြားမြို့နယ်များကပါ လွယ်လွယ်ကူကူလာရောက်၍ နှစ်သက်ရာပစ္စည်းများ ဝယ်ယူနိုင်ပြီး ဈေးနှုန်းများမှာလည်း မူလဈေးနှုန်းအစား အထူးဈေးနှုန်းဖြင့် ကော်ပြာပိုစတာများကပ်ကာ ရောင်းချပေးသဖြင့် ဝယ်ယူသူများပြားလျက်ရှိကြောင်း၊ လုပ်ငန်းများအနေဖြင့် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သော ကုန်ပစ္စည်း ၁၀၁မျိုး၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ပစ္စည်း ၇၇ မျိုး၊ ဆေးဝါးပစ္စည်း ၇၈မျိုး၊ ကြွေထည်မြေထည် ပစ္စည်း ၃၀၊ စက္ကူဓာတု ၁၉မျိုး၊ အထွေထွေပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းမှ ထုတ်ကုန်ပစ္စည်း ၁၇၈မျိုးတို့ကို စုံလင်စွာ ရောင်းချပေးနေကြောင်း၊ ဝယ်ယူလိုသူများကိုလည်း လိုသလောက် လက်လီလက်ကား ရောင်းချပေးနေကြောင်း၊ အရောင်းဆိုင်ကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိကြောင်း။

ဆက်သွယ်နိုင်

ထို့အပြင် မြန်မာပြည်အနှံ့ ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်များကိုလည်း ပုဂ္ဂလိကများသို့ ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ခွင့် ပေးမည်ဖြစ်၍ စိတ်ပါဝင်စားသူများ အနေဖြင့်လည်း အသေးစိတ်သိရှိလိုပါက လာရောက်ဆက်သွယ်နိုင်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားမှုများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက်အုန်းကျော်(တာမွေ)
စာမျက်နှာဖွဲ့စည်းမှု
ခိုင်လွင် (မြန်မာ့အလင်း)

ပစ္စည်းအမယ်စုံ၍ ဈေးချိုကာ ဈေးဝယ်သူများပြား။

* ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိ ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Aloke Sen နှင့်ဇနီး၊ စစ်သံမှူး Colonel Manoj Mukund Naravane နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာအန်ဆာရီတို့ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ်သည် မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကွမ်းလုံကြိုးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက် ဗိုလ်ချုပ်မင်းအောင်လှိုင် ဟိုပန်၌ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂ ရက်တွင် ကွမ်းလုံ-ဟိုပန်လမ်း လမ်းဘေးဝဲယာတစ်လျှောက် နွေစပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများနှင့် ဟိုပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိန်းသိမ်း

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဟိုပန်တပ်နယ်ခန်းမ၌ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံသည်။

ဗိုလ်ချုပ် မင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၃ရက်နံနက်ပိုင်းတွင် ကွမ်းလုံမြို့နယ်သို့ရောက်ရှိပြီး ကွမ်းလုံကြိုးတံတားကို ကြည့်ရှုစစ်ဆေးကာ နမ့်စလပ် တပ်နယ်ခန်းမနှင့်သိန်းနီ တပ်နယ်ခန်းမတို့၌ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံသည်။

ပြည်သူ့ဆေးရုံ

ထိုမှတစ်ဆင့် သိန်းနီမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆင်းရွှေလီ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် သိန်းနီမြို့နယ် မန်စောက်ကျေးရွာအုပ်စု နောက်ကားကျေးရွာ၌ ဆင်းရွှေလီစပါးမျိုး စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စာပေဗိမာန်စာအုပ်အသင်း
စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ)ပညာရပ်(ပထမ)ဆုရ တင်ထွန်းဦး (ယဉ်ကျေးမှု)ရေးသားသည့်"မြန်မာ့အနုသဘင်နှင့် ဇာတ်ညွှန်းပညာ"စာအုပ်ကို စာအုပ်အသင်း၏ ၄၄အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/ ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက် ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ်-၅၂၉/၅၃၁ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၃၈၁၄၄၈၊ ၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော
ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး
ရှောင်တခင်စစ်ဆေး

လားရှိုး ဖေဖော်ဝါရီ ၅

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ ဦးစောတီနေထူး(လက်ထောက်အင်ဂျင်နီယာ)၊ ဦးသူရိန်စိုး(စက်မှုကျွမ်းကျင်-၃)၊ ဦးစိုးနိုင်ဦး(ဒု-ဦးစီးမှူး)၊ ဦးမြင့်ဦး(စာရင်းကိုင်-၂)၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဦးကျော်လှ(လက်ထောက်ညွှန်ကြားရေးမှူး)၊ ဦးစိုင်းနော်ခမ်း (ဒု-ဦးစီးမှူး)၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်သန်းကြွယ်၊ ဒုတပ်ကြပ်ဝင်းအောင်၊ မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ဆွေ၊ ဦးထွန်းဝင်းတို့နှင့်အတူ ဇန်နဝါရီ ၂၄ရက် ညနေ ၅နာရီတွင် လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ လားရှိုးမှ မန္တလေးသို့ ခရီးသည်တင်ပြေးဆွဲမည့် တက်နေထွန်း၊ ရတနာ၊ အားသစ်၊ ကွတ်ခိုင်မန်း မော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ပါရှိမှု ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ (လားရှိုးကိုယ်ပွား)

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

■ *ကျောဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှရီ အမ် အမ်ပါလမ်ရာဂျူး၊ အိန္ဒိယသမ္မတနိုင်ငံလွှတ်တော်အမတ်များဖြစ်ကြသည့် ရှရီ ရပ်ဂျ် နီတီပရာဆပ်နှင့် ရှရီ မာတီ အာဂါ သာကေဆန်မာ၊ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှရီ ဗီဗက် ကာဂျူး၊ တွဲဖက်အတွင်းဝန် ရှရီ တီအက်စ် တရူ မာတီ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာအာလွတ်ခ်ဆန်တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယ သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချုပ်ဆိုကြသည့် အိန္ဒိယသမ္မတနိုင်ငံအကူအညီဖြင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည့် အင်္ဂလိပ်ဘာသာ လေ့ကျင့်ရေးသင်တန်းဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အာလွတ်ခ်ဆန်တို့ စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

နားလည်မှုစာချွန်လွှာ

ပခုက္ကူမြို့တွင် စက်မှုသင်တန်းကျောင်း ဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှရီ အမ် အမ် ပါလမ်ရာဂျူးတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် အသုံးပြုရန်အတွက် အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ် အလုံး၂၅၀ကို အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှရီ ဗီဗက် ကာဂျူးက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားချုပ်ဆိုကြသည့် အိန္ဒိယသမ္မတနိုင်ငံ အကူအညီဖြင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည့် အင်္ဂလိပ်ဘာသာလေ့ကျင့်ရေး သင်တန်းဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Mou on Setting Up of Centre for English Language Training Centre in Yangon) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအာလွတ်ခ်ဆန်တို့က လည်းကောင်း၊ ပခုက္ကူမြို့တွင် စက်မှုသင်တန်းကျောင်း ဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(Mou on Setting Up of Industrial Training Centre in Pakokku) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှရီ အမ် အမ် ပါလမ် ရာဂျူးတို့က လည်းကောင်း နှစ်နိုင်ငံခေါင်းဆောင်များရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

စာချွန်လွှာလဲလှယ်

အစီအစဉ်အရ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက်အား အတည်ပြုသည့် စာချွန်လွှာ(Exchange of Instrument of Ratification on Bilateral Investment Promotion and Protection)ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအာလွတ်ခ်ဆန်တို့က လဲလှယ်ကြသည်။

လက်ခံ

မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများတွင် အသုံးပြုရန်အတွက် အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်အလုံး ၂၅၀ကို အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှရီ ဗီဗက် ကာဂျူးက ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လက်ခံစဉ်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည် သင်းလုံးကျွတ်
အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက် နံနက်ရနာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း မင်္ဂလာရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင် သိမ်ကြီးဈေးစီရုံ ဒုတိယထပ် MCC သင်တန်းကျောင်းအောက်ထပ်ရှိ GANO EXCEL အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ ရွှေတောင်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဦးရဲမြင့် ဖုန်း-၀၉-၅၁-၃၀၂၄၅၊ ဦးအေးအောင် ဖုန်း-၅၃၅၉၆၇နှင့် ဦးတင်ဌေးဦး ဖုန်း-၀၉-၅၀-၃၅၈၅၃ တို့သို့ ကြိုတင်စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လဲလှယ်

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက်အား အတည်ပြုသည့် စာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအာလွတ်ခ်ဆန်တို့ လဲလှယ်ကြစဉ်။

(သတင်းစဉ်)

ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေး၊ စောစွာမနှေးကုသပေး

ဒေါက်တာကျော်မြင့် (စီမံချက်မန်နေဂျာ)

မြန်မာနိုင်ငံတွင် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်က အမျိုးသားကျန်းမာရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၄င်းနှင့်ဆက်နွယ်နေသော ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ စေတနာရှင်အဖွဲ့အစည်းများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် အနာကြီးရောဂါကင်းဝေးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုရရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သတ်မှတ်ချက်ဖြစ်သည့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးသော အခြေအနေ(Elimination of Leprosy as a Public Health Problem)ကို ၂၀၀၃ခုနှစ် ဇန်နဝါရီလအကုန်တွင် ရရှိခဲ့ပေသည်။ ၄င်းအဓိပ္ပာယ် ဖွင့်ဆိုချက်မှာ ဆေးကုသရန် လူနာအနည်းငယ်ကျန်ရှိနိုင်ပြီး လူဦးရေတစ်သောင်းလျှင် ရောဂါဖြစ်ပွားမှု တစ်ယောက်အောက် လျော့နည်းခြင်းကို ဆိုလိုပါသည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့က ကျင်းပခဲ့သည့် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး ညီလာခံကြီး၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများနှင့် စေတနာရှင် နိုင်ငံတကာအဖွဲ့အစည်းများ၏ရှေ့တွင် မြန်မာနိုင်ငံအနေဖြင့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးသည့်နိုင်ငံ တစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပြီဖြစ်ကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ကြေညာနိုင်ခဲ့ပေသည်။ ၁၉၅၂ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ နှစ်ပေါင်း(၅၀)ကြာ ကြိုးပမ်းအားထုတ်ခဲ့ပြီး ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးအောင် ဆောင်ရွက်နိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကို ကျင်းပပြုလုပ်ခဲ့သည်မှာ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ၆ရက်နေ့တွင် ဆဋ္ဌမအကြိမ်မြောက် ရှိပြီဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၈၂ခုနှစ်မှစ၍ အနာကြီးရောဂါလူနာများကိုMulti Drug Therapy (MDT) ဆေးပေါင်းကျွေးကုထုံးဖြင့် ကုသရန် ထောက်ခံအတည်ပြုခဲ့သည်။ ဆေးကုသချိန် ခြောက်လမှ တစ်နှစ်သာကြာ၍ အချိန်တိုတောင်းခြင်း၊ ဆေးစွမ်းထက်ခြင်းတို့ကြောင့် လူနာများ ယုံကြည်အားကိုးစွာ လက်ခံလာကြသည်။ ရောဂါဖြစ်ပွားမှု သိသိသာသာကျဆင်းလာခဲ့သည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၅၂ခုနှစ်မှစ၍ WHO, UNICEF တို့ ကူညီထောက်ပံ့မှုဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ကျေးရွာများအရောက် ကွင်းဆင်း၍ လူနာများရှာဖွေပြီး Dapsone(ဒက်ပဆုံး) ဆေးတစ်မျိုးတည်း တိုက်ကျွေးကုသခဲ့သည်။ Dapsone ဆေးယဉ်ပါးမှု ပြဿနာဖြစ်ပွားခဲ့၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော MDT ကုထုံးကို ၁၉၈၆ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

၁၉၈၈ခုနှစ်တွင် ရောဂါအဖြစ်များသော စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းများတွင် တစ်ပြည်လုံး၏ (၈၅)ရာခိုင်နှုန်း လူနာများကို MDT ဆေးတိုက်ကျွေးနိုင်ခဲ့သည်။ MDT လွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန် အခြေခံကျန်းမာရေးဝန်ထမ်းများက MDT ဆေးတိုက်ကျွေးခြင်းကို ၁၉၉၁ခုနှစ်မှစ၍ ပေါင်းစည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၆ခုနှစ်တွင် နယ်စပ်ဒေသပါမကျန် တစ်ပြည်လုံးရှိ လူနာများနှင့် နယ်မြေလွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ရအောင် ဆောင်ရွက်ခဲ့သည်။

အနာကြီးရောဂါကင်းဝေးရေး လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အနေဖြင့် စီမံရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်သကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအနာကြီးရောဂါ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများကလည်း လိုအပ်သော ကူညီပံ့ပိုးမှုများကို ထောက်ပံ့ပေးခဲ့ကြသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ်နေသော ဝန်ကြီးဌာနများအပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးစသည့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည်။

ထိုသို့ ကူညီဆောင်ရွက်ရာတွင် အထက်ပါအဖွဲ့အစည်းများမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များပါဝင်သော အမျိုးသားအနာကြီးရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့် လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို အောင်မြင်အောင် တက်ကြွစွာဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ဆေးကုသနေသော လူနာဦးရေကိုလေ့လာလျှင် MDT ကုထုံးဖြင့် ထိရောက်စွာ ကုသပျောက်ကင်းသွားသဖြင့်-

၁၉၈၈ခုနှစ်ကုန်တွင် ၁၅၅၈၅၇ ဦး
၁၉၉၈ခုနှစ်ကုန်တွင် ၁၁၉၀၆ ဦး
၂၀၀၈ခုနှစ်ကုန်တွင် ၂၈၂၁ ဦး (ရှေ့ပြေးစာရင်းဇယားများအရ)

အထိ သိသာထင်ရှားစွာ လျော့နည်းကျဆင်းသွားခဲ့ပေသည်။

အနာကြီးရောဂါဖြစ်ပွားမှု အခြေအနေကို ပြန်ပြောင်းလေ့လာလျှင်-

၁၉၈၈ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၃၉ ဒသမ ၉ ဦး
၁၉၉၈ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၂ ဒသမ ၅ ဦး
၂၀၀၈ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၀ ဒသမ ၄၉ ဦး

စသည်ဖြင့် အနာကြီးရောဂါဖြစ်ပွားမှု တဖြည်းဖြည်း လျော့နည်းကျဆင်းသွားခဲ့သည်ကို တွေ့မြင်ရပေသည်။

၁၉၈၆ခုနှစ်မှ ၂၀၀၈ခုနှစ်အကုန်အထိ MDT ဆေးတိုက်ကျွေးကုသ ရောဂါပျောက်ကင်းသူဦးရေ စုစုပေါင်း ၂၇၄၀၂၀ရှိခဲ့ပြီဖြစ်ပေသည်။ ကွင်းဆင်းစစ်တမ်းကောက်ယူချက်များအရ လူနာများ၏ ၂၀မှ ၃၀ ရာခိုင်နှုန်းခန့်တို့တွင် ကိုယ်အင်္ဂါချို့ယွင်းမှုများ ရရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၄င်းတို့မှာ-

- **အနာကြီးရောဂါ ကင်းဝေးရေးကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးနှင့်**
- **ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများ ဆုံးရှုံးနေသူများကို မူလလူ့အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်အောင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများပင် ဖြစ်သည်။**

အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ရှေ့ဆက်လက်ဆောင်ရွက်ရန် ချမှတ်ခဲ့သော ၂၀၀၆ခုနှစ်-၂၀၁၀နည်းဗျူဟာများအရ မြန်မာနိုင်ငံတွင်-

(၁) Disease Burden အနာကြီးလူနာများ အရေအတွက် ဝန်ထုပ်ဝန်ပိုးကို ရှေ့ဆက်လက် လျော့နည်းနိုင်သမျှ လျော့နည်းစေရေး၊
(၂) Disability Burden ရောဂါကြောင့် အာရုံကြောထိခိုက်ပျက်စီး၍ ရနိုင်သော ကိုယ်အင်္ဂါမသန်မစွမ်းဖြစ်မှု ဝန်ထုပ်ဝန်ပိုးကို ရှေ့ဆက်လက်လျော့နည်းနိုင်သမျှ လျော့နည်းစေရေး၊
(၃) Psycho-social Burden ရောဂါကြောင့်ဖြစ်စေ၊ ရောဂါ၏နောက်ဆက်တွဲ ကိုယ်အင်္ဂါ မသန်မစွမ်းမှုဖြစ်စေ၊ ကြုံတွေ့နေကြရသော လူနာများ၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ပြဿနာများ လျှော့ချရေး၊
(၄) Economic Burden ရောဂါကြောင့်ဖြစ်စေ၊ ကိုယ်အင်္ဂါ မသန်မစွမ်းမှုကြောင့်ဖြစ်စေ၊ စားဝတ်နေရေးပြဿနာများနှင့် ရင်ဆိုင်တွေ့ကြုံနေကြရသော လူနာနှင့်မိသားစုများ၏ စီးပွားရေးပြဿနာများ လျှော့ချရေး၊
(၅) အရည်အသွေးပြည့်မီသော အနာကြီးရောဂါဆိုင်ရာ လုပ်ငန်းများ Quality Leprosy Services ဆောင်ရွက်ခြင်းဖြင့် ကိုယ်အင်္ဂါချို့ယွင်းမှု မသန်မစွမ်းဖြစ်မှုများ ကာကွယ်ရေးတို့ကို ဆောင်ရွက်လျက်ရှိပေသည်။

အနာကြီးရောဂါသည် အရေပြားနှင့်အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး စောစောစီးစီး စနစ်တကျ ဆေးကုသမှုခံယူခြင်းမရှိပါက ကိုယ်အင်္ဂါချို့ယွင်းပျက်စီးစေတတ်သော ရောဂါဖြစ်သည်။ ကိုယ်အင်္ဂါချို့ယွင်း၍ ရုပ်ပျက်ဆင်းပျက် ခန္ဓာကိုယ်ပျက်စီးမည်ကို လူတိုင်းကြောက်ရွံ့ကြသည်။ ကိုယ်အင်္ဂါချို့ယွင်းပျက်စီးပြီး မသန်မစွမ်းဖြစ်ကာ နေ့စဉ်လုပ်ကိုင်နေကျဖြစ်သော တစ်ကိုယ်ရေသန့်ရှင်းရေး၊ စားသောက်ရေးမှအစ ဝင်ငွေရသောအလုပ်အကိုင်များကို အများနည်းတူ လုပ်ဆောင်ရန် ခဲယဉ်းလှပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ကျန်းမာခြင်းဆိုသည်မှာ အနာရောဂါကင်းရှင်းပြီး ကိုယ်အင်္ဂါမသန်စွမ်းမှု မရှိရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများပါ ပြည့်စုံခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

အနာကြီးရောဂါသည် အာရုံကြောထိခိုက် ပျက်စီးတတ်သော ရောဂါဖြစ်၍ စနစ်တကျ စောစီးစွာ ဆေးကုသမှုမခံယူခဲ့လျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကျန်းမာခြင်းအပြည့်အဝ မရနိုင်သော လူမှုရေးပြဿနာများပြားလှသည့် ရောဂါတစ်ခု ဖြစ်ပေသည်။

အထူးသဖြင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီးသူများအဖို့ စိတ်သောကဝေဒနာများ ခံစားရခြင်း၊ လူလူချင်း ခွဲခြားဆက်ဆံခံရခြင်း၊ လူရာမဝင်ခြင်းစသည့် လူမှုရေးပြဿနာများနှင့် များစွာတွေ့ကြုံနေရပေသည်။ ကိုယ်အင်္ဂါချို့ယွင်းပျက်စီးမှု ကြီးမား၍ မသန်မစွမ်းဖြစ်လေလေ ရင်ဆိုင်ရသော လူမှုရေး၊ စီးပွားရေးပြဿနာပို၍ ကြီးမားလေလေ ဖြစ်ပေသည်။

အနာကြီးရောဂါသည် မျက်စိ၊ လက်၊ ခြေတို့ ထိခိုက်ပျက်စီးနိုင်သဖြင့် ၄င်းတို့အား မပျက်စီးမီ ကြိုတင်ကာကွယ်ရေး၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်းကောင်း၊ လူနာများအတွက် မျက်မှန်၊ ဖိနပ်၊ ချိုင်းထောက်စသော အထောက်အကူပြုကိရိယာများ ပစ္စည်းများကိုလည်းကောင်း လိုအပ်သလို ကူညီပံ့ပိုးလျက်ရှိပေသည်။

ကိုယ်အင်္ဂါချို့ယွင်းမှုမရှိပါက ပုံမှန်ဘဝရပ်တည်မှုကို အလွယ်တကူ ရရှိနိုင်မည်ဖြစ်သည်။ ကိုယ်အင်္ဂါ ချို့ယွင်းနေသောသူများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ စေတနာရှင်အဖွဲ့များ၏ ထောက်ပံ့မှုဖြင့် လူနာမိသားစုတို့၏ ရင်သွေးငယ်များ ပညာရေးထောက်ပံ့မှု အစီအစဉ်များဆောင်ရွက်ပေးခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်စီစဉ်ပေးခြင်း၊ စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ ရှင်ပြုပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ တရားပွဲများစီစဉ်ပေးခြင်း၊ တရားစခန်းများဖွင့်လှစ်ပေးခြင်း၊ မိမိကိုးကွယ်ရာဘာသာအလိုက် ဆုတောင်းပွဲများ ပြုလုပ်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

အဆိုပါလူနာသစ်များ ရှာဖွေဖော်ထုတ်ကုသရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းသာမက နီးနွယ်နေသော ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ စေတနာရှင်မိတ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာမှပုဂ္ဂိုလ်များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အထူးအရေးကြီးလှပေသည်။

လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ကုသပေးခြင်းဖြင့် ကိုယ်အင်္ဂါချို့ယွင်းမှုကို ကာကွယ်နိုင်၍ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးလျော့နည်းပြီး လူနာများ၏ လူမှုဘဝသည်လည်း မြင့်မားလာနိုင်မည်ဖြစ်ပေသည်။ ယခုနှစ် ဆောင်ပုဒ်အဖြစ် **“ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေး၊ စောစီးစွာမနှေးကုသပေး”** Treat Early; Prevent Disability ကို ရွေးချယ်သတ်မှတ်ထားရာ အနာကြီးရောဂါကင်းဝေးအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဂုဏ်ပြုရင်း ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၆ရက် **(ယနေ့)**တွင် ကျရောက်သည့် ဆဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့၌ မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။

ဒဂုံဆိပ်ကမ်းစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီနာယက ကလပ်စစ်အင်တာနေရှင်နယ် ကုမ္ပဏီအုပ်ချုပ်သူဒါရိုက်တာ ဦးဝင်းထိန်နှင့် ဇနီးဒေါ်တင်တင်ချစ် မိသားစုက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာနှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာများသို့ အလှူငွေကျပ် နှစ်သိန်းငါးသောင်းနှင့် ရွှေသံလွင်ဘိုးဘွားရိပ်သာအတွက် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (၁၁၄)

မီးကြွင်း မီးကျန် မထားရန် ကျင့်ကြံ သတိ အမြဲရှိ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၀၉ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ပညတ်ထိုးဖောက် ပရမတ်ပေါက်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၅-၁:၅၅ ငြိမ်းချမ်းမြေမှ ရတနာလာဘမုနိ ဆုတောင်းပြည့် မြွေဘုရား
၈:၁၀-၂:၁၀ တေးဂီတအစီအစဉ်
၈:၁၅-၂:၁၅ VJ Choice
၈:၄၀-၂:၄၀ သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ မန္တလေးမြို့ နှစ်(၁၅၀)ပြည့် အကြိုလှုပ်ရှားမှု
၉:၅၀-၃:၅၀ တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၀၀-၄:၀၀ ၂၀၀၇ခုနှစ် အကယ်ဒမီပေးပွဲ အကြိုပြင်ဆင်နေမှုများ
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ် နှင့် ဆွေးနွေးခန်း)
၁၀:၄၅-၄:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁:၁၅-၅:၁၅ **ဆုံစည်းခွင့်** မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ချစ်သုဝေ
၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅ Art Vision (Truth, Beauty, Joy Art Exhibition)
၁၁:၅၅-၅:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင် ကေတုမတီ
၁၂:၂၅-၆:၂၅ လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
၁၂:၄၅-၆:၄၅ တေးဂီတအစီအစဉ်
၁၂:၅၀-၆:၅၀ စွမ်းရည်မြင့်မား Nibban လျှပ်စစ်ထုတ်ကုန်များ (အပိုင်း-၂)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV - 4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေး ပရဆေးပင်များအမျိုးစုံလင်စွာနှင့် ရှင်သန်ကြီးထွားရေးဝိုင်းဝန်းကြိုးပမ်း ရေရှည်တည်တံ့ရေး အချိန်နှင့် တစ်ပြေးညီ ထိန်းသိမ်းကာကွယ်

နေပြည်တော် ဖေဖော်ဝါရီ ၅

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် အဆင့်မြင့်တိုးချဲ့ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ် ပင်မရှင်းလင်းဆောင်၌ ကျင်းပရာ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် အဆင့်မြင့်တိုးချဲ့ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိန်းသိမ်းကာကွယ်

ရှေးဦးစွာ နေပြည်တော်အမျိုးသားပရဆေးဥယျာဉ် အဆင့်မြင့်တိုးချဲ့ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးက အမှာစကားပြောကြားရာ၌**(အောက်ပုံ)** နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှုဖြင့် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကို ဖွံ့ဖြိုးတိုးတက်စေလျက်ရှိကြောင်း၊ နိုင်ငံအတွက် ဂုဏ်ယူနိုင်သည့်ဥယျာဉ်ဖြစ်သည့်အလျောက် ပရဆေးဥယျာဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပရဆေးပင်များ အမျိုးစုံလင်စွာနှင့် ရှင်သန်ကြီးထွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ပရဆေးဥယျာဉ် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်နှင့် တစ်ပြေးညီ ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းကော်မတီဝင်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မုံရွာမြို့ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၅) အထပ်သားစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

မုံရွာမြို့ အထပ်သားစက်ရုံနှင့် သစ်ပါးလွှာစက်ရုံ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂ရက် မွန်းလွဲပိုင်းက မုံရွာမြို့ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၅) အထပ်သားစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်းသစ် ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ သစ်ပါးလွှာ ထုတ်လုပ်နေမှုနှင့် ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် အမှတ်(၁) သစ်ပါးလွှာစက်ရုံသို့ရောက်ရှိပြီး သစ်ပါးလွှာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် သစ်ပါးလွှာများ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည့် (၂၉)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း ညီလာခံနှင့် (၁၀)ကြိမ်မြောက် FDI-MDA ပညာရေးဆိုင်ရာပူးတွဲအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို တွေ့မြင်ရစဉ်။ (ကုန်သည်စက်မှု)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံနှင့် ပညာရေးဆိုင်ရာ ပူးတွဲအစည်းအဝေးဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

(၂၉)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံနှင့် (၁၀)ကြိမ်မြောက် FDI-MDA ပညာရေးဆိုင်ရာ ပူးတွဲအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွဋ်တို့က ဆေးနှင့် ဆေးပစ္စည်းပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သက်ကြီး ဆရာဝန်ကြီးများအား ပူဇော်ပွဲ ကျင်းပသည်။

အစီရင်ခံစာဖတ်ကြား

ယင်းနောက် ညီလာခံကို ကျင်းပရာ အသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာသိန်းထွဋ်၊ FDI ကိုယ်စားလှယ် Dr. W. Keung Leung နှင့် ဧည့်ခံကြိုဆိုရေးကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူးတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများက နှစ်ပတ်လည်အစီရင်ခံစာများ ဖတ်ကြားတင်သွင်းကြကာ စာတမ်းဖတ်ပွဲကို ကျင်းပသည်။

ကျင်းပမည်

အဆိုပါ စာတမ်းဖတ်ပွဲနှင့် FDI-MDA ပညာရေးဆိုင်ရာ ပူးတွဲအစည်းအဝေးကို ဖေဖော်ဝါရီ ၆ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားချက်ဖြင့် ကျားကွက်သစ်ရပ်ကွက်အတွင်းရှိ လမ်းများအလိုက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဇော်သန့်နှင့် အဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်နေမှုကို စစ်ဆေးကြည့်ရှုကြစဉ်။ (၁၇၁)

(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလက(၅) တောင်ဥက္ကလာပတို့ ပူးပေါင်းဆောင်ရွက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၁၀နာရီက အလက(၅)တောင်ဥက္ကလာပ ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီဂီမွန်က အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်ပွဲ ဆားလင်းကြီး၌ကျင်းပ

ဆားလင်းကြီး ဇန်နဝါရီ ၅

ကျေးလက်ဒေသနေ ပြည်သူများ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၉နာရီက ဆားလင်းကြီးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် စစ်ကိုင်းတိုင်း တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးက အမှာစကားပြောကြားပြီး မုံရွာခရိုင် ခရိုင်စာရင်းစစ်အရာရှိ ဦးသောင်းလွင်သန်းက ကျေးလက်ဒေသ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးဦးသန်းဌေးက ကျေးလက်ဒေသလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ၂၁၅၇၃၁၅ကျပ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်ထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က နှောကူးတို့ကျေးရွာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ငယ်ထံ လွှဲပြောင်းပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

6-2 (11).pmd 1 2/6/2009, 2:26 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွှဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရန်ကင်း အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက်က အထက(၁) ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) အငွမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အငွမအကြိမ် အာစရိယပူဇော်ပွဲကို မေ၁ရက်(သောကြာနေ့)နံနက်၉နာရီတွင် အဆိုပါကောလိပ်၌ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိတာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ(ပညာရေးကောလိပ်သင်တန်းဆင်းများ အပါအဝင်)သည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဒေါ်ချိုချို ဖုန်း-၀၉-၅၁-၇၂၃၄၂၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၄၀၁၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၂၇၄၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း- ၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်ဒွေး၊ ဒေါ်မေစံပယ်ဖြူနု ဖုန်း-၃၉၅၂၇၇နှင့် ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆တို့သို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းပညာရေးမှူးရုံးများမှတစ်ဆင့် လည်းကောင်း ဧပြီ၂၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

မန္တလေး ဖေဖော်ဝါရီ ၅

၂၀၀၉ ခုနှစ် (၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဖေဖော်ဝါရီ ၄ရက်က ပြီးဆုံးသွားပြီဖြစ်ရာ လက်ရှိချန်ပီယံ ကချင်ပြည်နယ်၊ အိမ်ရှင် မန္တလေးတိုင်း၊ (၅၂)ကြိမ်မြောက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၆ရက် (**ယနေ့**)တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် အိမ်ရှင် မန္တလေးတိုင်းအသင်းနှင့် ရခိုင်ပြည်နယ်၊ ဖေဖော်ဝါရီ ၇ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ မန္တလေးမြို့တွင် ကျင်းပခဲ့ရာ အသင်းကြီးများဖြစ်သည့် မန္တလေး၊ ကချင်အသင်းတို့ တက်ရောက်နိုင်ခဲ့သလို မကွေးတိုင်းနှင့်အတူ ခြေစွမ်းပြခဲ့သည့် ရခိုင်အသင်းတို့မှာ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုဒိုင်းကြီးကို အကြိမ်ကြိမ်ဆွတ်ခူးခဲ့ဖူးသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်း၊ ခြေစွမ်းပြနေသည့် ကယားပြည်နယ်အသင်းတို့မှာ အကြိုဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။

မဲနှိုက်ဆုံးဖြတ်ခဲ့ရသည့် မန္တလေးနှင့် မကွေး

(ကက)အုပ်စုတွင် အိမ်ရှင်မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ သုံးပွဲကစားနှစ်ပွဲနိုင်၊ တစ်ပွဲသရေ သွင်းဂိုး၁၀ဂိုး၊ ပေးဂိုး၂ဂိုးစီ တူညီနေကြ၍ အုပ်စုပထမနေရာအတွက် မဲနှိုက်ဆုံးဖြတ်ခဲ့ရသည်။ နှစ်သင်းတွေ့ဆုံရာတွင်လည်း သရေကျခဲ့၍ မဲနှိုက်ရခြင်းဖြစ်ပြီး အိမ်ရှင် မန္တလေးက အုပ်စုပထမရရှိခဲ့သည်။ သုံးမှတ်ရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပွဲတိုင်းရှုံးနိမ့်ခဲ့သည့် ပဲခူးတိုင်းတို့မှာ ဒုတိယအုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။ မန္တလေးတိုင်းမှာ ပဲခူးတိုင်းကို ခြောက်ဂိုး-တစ်ဂိုး၊ မကွေးတိုင်းနှင့် တစ်ဂိုးစီသရေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို နှစ်ဂိုး-တစ်ဂိုး၊ ပဲခူးတိုင်းကို ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် နိုင်ကာ မန္တလေးနှင့်သရေကျခဲ့ခြင်းဖြစ်သည်။

ကယားကို အုပ်စုနောက်ဆုံးပွဲမှာ ဂိုးပြတ်အနိုင်ယူပြီး အုပ်စုတက်ရောက်နိုင်ခဲ့သည့်ရခိုင်

(ခခ) အုပ်စုတွင် လက်ရှိချန်ပီယံ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ပါဝင်ခဲ့ပြီး ကချင်ပြည်နယ်အသင်းမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ် အုပ်စု ပထမ ရရှိခဲ့သည်။ ကျန်တစ်နေရာအတွက် လေးမှတ်ရထားသည့် ကယားပြည်နယ်နှင့် တစ်မှတ်ရထားသည့် ရခိုင်ပြည်နယ်တို့ အုပ်စုနောက်ဆုံးပွဲ ကစားရသည်။ ကယားပြည်နယ်အသင်းမှာ နှစ်ဂိုးရှုံးရင်တောင် အုပ်စုတက်နိုင်သော်လည်း သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်သွား၍ ကယား အုပ်စုမှ ထွက်ရကာ ရခိုင်ပြည်နယ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ ချန်ပီယံ ကချင်မှာ ကယားနှင့်တစ်ဂိုးစီ သရေကျခဲ့ပြီး ရခိုင်ကို တစ်ဂိုး-ဂိုးမရှိ၊ မွန်ကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ပြီး ရခိုင်ပြည်နယ်မှာ ကချင်ကိုရှုံးပြီး ကယားကို အနိုင်ရကာ မွန်နဲ့သရေကျခဲ့ခြင်းဖြစ်သည်။

ယခုအကြိုဗိုလ်လုပွဲသို့ ပြည်ထောင်စုဒိုင်းကြီးကို (၂၁)ကြိမ် ပူးတွဲလေးကြိမ် အပါအဝင် ဆွတ်ခူးဖူးသည့် မန္တလေးတိုင်း (၄)ကြိမ်၊ ပူးတွဲနှစ်ကြိမ် အပါအဝင် ဆွတ်ခူးဖူးသည့် မကွေးတိုင်း၊ (၂)ကြိမ် ဆွတ်ခူးဖူးသည့် ကချင်ပြည်နယ်နှင့် တစ်ကြိမ်တစ်ခါမျှ မတက်ရောက်ဖူးသည့် ရခိုင်ပြည်နယ်တို့ တက်ရောက်လျက်ရှိသည်။ ထို့ကြောင့် ချန်ပီယံဖြစ်ဖူးသည့် အသင်းများထဲမှ ထပ်မံ ဗိုလ်စွဲမလား၊ ချန်ပီယံအသင်းသစ် ထွက်ပေါ်လာမလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲရောက် အသင်းများအနက် မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ မန္တလေးတိုင်း အုပ်ချုပ်သူဦးမျိုးမြင့်အောင် (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းအား/ကာ)က ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် အောင်မြင်မှုရရှိရန် ကြိုးစားနေကြောင်း၊ ယခုပြိုင်ပွဲဝင်အသင်းကို ဒီဇင်ဘာ ၁၇ရက်က စတင်လေ့ကျင့်ပေးခဲ့ကြောင်း၊ ကစားသမားများစိတ်ဓာတ်တက်စေရန် လိုလေသေးမရှိအောင် ပံ့ပိုးပေးထားကြောင်း အသင်းကို မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေက တစ်ပွဲနိုင်လျှင် ကျပ်နှစ်သိန်းခွဲနှင့် တစ်ဂိုးသွင်းလျှင် ကျပ်တစ်သိန်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က တစ်ပွဲနိုင်လျှင် ကျပ်တစ်သိန်းနှင့် အခြားလုပ်ငန်းရှင်များက ချီးမြှင့်ပေးကြောင်း၊ အကြိုဗိုလ်လုပွဲတွင် ရခိုင်နှင့် တွေ့မည်ဖြစ်သော်လည်း အကောင်းဆုံးနှင့် အနိုင်ရအောင် ကစားသွားမည်ဖြစ်ကြောင်း၊ မိမိအုပ်ချုပ်သူအဖြစ် ၁၉၉၈ခုနှစ်နှင့် ၁၉၉၉ခုနှစ်တို့တွင် ဆောင်ရွက်စဉ်က ချန်ပီယံဖြစ်ခဲ့ကြောင်း၊ ယခုအကြိမ်တွင်လည်း အောင်မြင်မှုရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

"ကိုယ့်မြေ၊ ကိုယ့်ပရိသတ် ရှေ့မှောက်မှာ အောင်ပွဲခံနိုင်ဖို့ ကြိုးစားမှာပါ"

ဦးမျိုးမြင့်အောင်
အုပ်ချုပ်သူ၊ မန္တလေးတိုင်း

ကြိုးပမ်းသွားမည်

ကချင်ပြည်နယ်အသင်းအုပ်ချုပ်သူ ဦးအောင်နိုင်စိုးက "လေ့ကျင့်ရက် ၂၀ ကျော်သာရပြီး လူဟောင်း ၁၀ဦး ပါဝင်လာကြောင်း၊ ချန်ပီယံဘွဲ့ဆက်လက်ထိန်းသိမ်းနိုင်ရန် မြန်မာ့လက်ရွေးစင်ဟောင်း ပို့ဆောင်ရေးနည်းပြ ဦးခင်မောင်တင့်ကို နည်းပြအဖြစ် တာဝန်ပေးအပ်ထားကြောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက တစ်ပွဲနိုင်လျှင် ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး ဗိုလ်စွဲပါက ယမန်နှစ်ထက် ပိုမိုချီးမြှင့်ရန်စီစဉ်ထားကြောင်း၊ အခြားတာဝန်ရှိသူများကလည်း ပံ့ပိုးအားပေးကြ၍ ကစားသမားများ စိတ်ဓာတ်တက်ကာ ယခုအဆင့်ကို ရောက်လာခြင်းဖြစ်ကြောင်း၊ နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲရန် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ။**(မြန်မာ့အလင်း)**

အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် လက်ရှိချန်ပီယံ ကချင်ပြည်နယ်အသင်း။ (မြန်မာ့အလင်း)

သတင်းအချက်အလက်နည်းပညာ ကော်ပိုရေးရှင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာ့သတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ် သတ္တမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ရက်(စနေနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လိုက်မြို့နယ် စာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

မော်လိုက် ဖေဖော်ဝါရီ ၅

မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာ ပညာပဒေသာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မော်လိုက်ခရိုင် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက်မော်လိုက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညွန့်ဝေက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာအုပ်စာပေထိန်းသိမ်းနည်းများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဥက္ကဋ္ဌက စာအုပ်မျိုးစုံ အုပ်၅၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်က တိုင်ကပ်နာရီ တစ်လုံးနှင့် စာအုပ်များ၊ ဟိန်းဇာနည် ကုန်မျိုးစုံ ရောင်းဝယ်ရေးနှင့် ဆီစက်လုပ်ငန်းမှ ငွေကျပ် ၂၀၀၀၀နှင့် သုတ၊ ရသစာအုပ် ၅၀၊ ဟိန်းထက်အောင် ကုန်မျိုးစုံရောင်းဝယ်ရေးမှ ငွေကျပ် ၁၀၀၀၀နှင့် မဂ္ဂဇင်းစာအုပ် ၃၀တို့ကို လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

6-2 (12).pmd 1 2/6/2009, 2:26 AM

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် နှစ်ငါးဆယ်ပြည့်မြောက်ပြီဖြစ်သော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ဝိသေသ ထူးမြတ်သည့် ရွှေရတုအခါသမယနေ့တွင် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Flower News Co.,Ltd.,[IAL]

LMA ... ISO 9001:2000 ... Lwin Myint Aung Industrial Co.,Ltd.

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အမှတ်၆(A)၊ အရှေ့တပ်မြေလမ်းနေ ကျွန်မ၏သားဖြစ်သူ မောင်အောင်ဇေယျ မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်) ၁၈၃၃၇၀သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **မိခင်-ဒေါ်စိန်စိန် မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၀၆၈၆၁၉ အမှတ်၆ (A)၊ အရှေ့တပ်မြေလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၈က/၆၈၄၁ယာဉ် လက်ဝယ်ရှိသူ ဦးမြဇော် ၁၂/ဆကန(နိုင်)၀၀၂၀၈၅က ယာဉ် မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ အနောက်ပိုင်းခရိုင်ရုံး ရန်ကုန်မြို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့ရရှိခဲ့သည့် ဦးနန္ဒ (MD၊ နန္ဒအောင် မိုးကုတ် ဂျမ်း(စ်) လီမိတက်)နှင့် လူမှုထူးချွန်တံဆိပ်(တတိယဆင့်)ရရှိခဲ့သည့် ဦးအေးမောင် (MD၊ Great Apex Co.,Ltd.) တို့အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

ဦးသိန်းမောင်-ဒေါ်ပါပါး
(စန္ဒီပရဆေး) မိသားစု
ဦးအောင်နိုင်မိသားစု။

မီးအန္တရာယ် ကြောက်မက်ဖွယ် ကာကွယ်မနှေး တို့အရေး

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ပန်းဧကရီ အလှမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ ရက် အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း၌ ငါးရက်ကြာ ကျင်းပခဲ့ရာ ပန်းဧကရီအလှမယ်ရွေးပွဲကို ဖေဖော်ဝါရီ ၂ရက် ညနေ ၆နာရီက ပြည်သူ့ဥယျာဉ်အတွင်းရှိ ဗဟိုစင်မြင့်၌ ကျင်းပသည်။

စလွယ်နှင့် ဆုဖလား

ပြိုင်ပွဲတွင် ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပန်းဧကရီအလှမယ် ပထမ မဟန်နွေဦးမိမ်း၊ ဒုတိယမနှင်းဧပရယ်နှင့် တတိယ နော်ဆိုဖီယာတို့က ရရှိကြပြီး ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ပထမဆုရ မဟန်နွေဦးမိမ်းအား သရဖူ၊ စလွယ်နှင့် ဆုဖလားကို ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ ပုံ့ပိုးအလှူရှင် ပရီမီယာ ကော်ဖီမစ်ကုမ္ပဏီ ကိုယ်စား ဒေါ်နီနီအောင်က ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆုကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ နှစ်သိမ့်ဆုနှစ်ဆု ကျပ်ငါးသောင်းစီနှင့် အထူးဆု နှစ်ဆုကျပ်တစ်သောင်းစီကို အသီးသီးပေးအပ်ကာ May & Mark Gems Co., က ပထမဆုရ ပန်းဧကရီ အလှမယ်အား ရွှေဆွဲကြိုးနှင့် ရွှေဆွဲသီး ဂုဏ်ပြုချီးမြှင့်သည်။

ဖွင့်လှစ်ရောင်းချ

(၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် နောက်ဆုံးနေ့အစီအစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ဆက်လက်ကျင်းပရာ အထူးဈေးရောင်းပွဲတော်တွင် ကုန်ပဒေသာအရောင်းဆိုင်များ၊ ပန်းပင်အရောင်းဆိုင်များဖြင့် စည်ကားစွာ ဖွင့်လှစ်ရောင်းချကြပြီး ရိုးရာအားကစား ပျော်ပွဲရွှင်ပွဲနှင့် ပြိုင်ပွဲများ ပါဝင်သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ သစ်သီးဝလံပန်းမန်အလှပြပွဲ၊ ပြိုင်ပွဲတွင် ဆုရသူများအနက် သစ်ခွပြိုင်ပွဲများ၊ ရှားစောင်းပင်၊ ရွက်လှပင်၊ အရွက်လှပင်၊ သက်ကြီးပုပင်၊ ပန်းအလှပင်၊ ရာသီပန်း၊ နှင်းဆီပန်း၊ ပိန်းပန်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသီးပါအပင် (ရာသီပင်နှင့် နှစ်ရှည်ပင်)၊ ကျောက်ခက်ပြိုင်ပွဲများ၊ ပန်းအလှပြပြင်ခြင်း၊ သစ်သီးပုံဖော်ခြင်းနှင့် မြေယာရှုခင်း တည်ဆောက်ခြင်း ပြိုင်ပွဲ အသီးသီးတို့၌ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများနှင့် တံခွန်စိုက်ဆုဖလားရရှိသည့် မော်ဝင်လိပ်ပြာပျိုးခင်းလုပ်ငန်းတို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ(၁)နှင့်(၂)တို့မှ ဆုရရှိသူများ၊ ပန်းချီပြိုင်ပွဲဆုရ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဆုရ ကျောင်းသားကျောင်းသူများနှင့် ဒိုင်အဖွဲ့ဝင်များအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ်

ဖေဖော်ဝါရီလအတွက်

၈-၂-၂၀၀၉ ရက်နေ့ နှင့် ၂၂-၂-၂၀၀၉ ရက်နေ့

The Live News ဂျာနယ် အမှတ်(၁၁၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၈)တွင် မြင်းမူ မောင်နိုင်မိုး၏ ကောင်းမကောင်း၊ အဆွေခင်ပွန်း နီမင်းဆွေ၏ ချစ်စိတ်ရည်(၁၀)၊ ကိုကိုလှိုင်၏ ဒါဗိုးကခေါင်းလောင်းထိုးသံများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက မရှိမဖြစ် ရေသမိုင်းကြောင်း(၁) အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်ကာလ သောက်သုံးရေ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၁၂)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ (၂၁)၊ သစ်လွင်မိုး၏ အိုဘားမားကိုစိန်ခေါ်နေတဲ့ ဤရှစ်ချက်၊ မိုး(ပျဉ်းမနား)၏ Valentime's Day ၊ လေးလေးသောင်း၏ နှစ်(၁၀၀)ပြည့် ရန်ကုန်ဂေါက်ကွင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် အာဆီယံဖောင်ဒေးရှင်း ပညာသင်ဆု မြန်မာနိုင်ငံမှ ကျောင်းသားများ ဝင်ရောက်လျှောက်ထားနိုင်၊ အစ္စရေးတင့်ကားတပ်ဖွဲ့ ဂါဇာဒေသမှ ဆုတ်ခွာခဲ့သည်ဆိုသော်လည်း၊ ဝေါလ်စထရိဘဏ်လုပ်ငန်းရှင်များအား သမ္မတအိုဘားမား ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်၊ ဂွမ်ဒေါင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့အရှည်ဆုံးတံတား၊ အိုဘားမား၏ လက္ခဏာဟောကိန်း၊ ဗြိတိန်နိုင်ငံက အထက်လွှတ်တော် အမတ်မင်းလေးဦးရဲ့ လွယ်ရင်သူကြွယ်သူခိုးဖြစ်ခဲ့တဲ့ ကိစ္စ၊ ခရီးသွားလုပ်ငန်းကို ဆက်လက်မြှင့်တင်နေတဲ့ အိန္ဒိယ၊ ကိုရီးယားအနုပညာရှင်များ၏ လှုပ်ရှားမှုမြဝတီ ရုပ်မြင်ပေါ်က ရုပ်ရှင် စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ၁၃ စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် အင်းစိန်မြို့နယ်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ၉ရက်မှ ၁၅ရက်အထိ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အထက(၃) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်ကုန်ပစ္စည်းများကို အရောင်းဆိုင်ခန်းများဖွင့်လှစ်၍ နေ့စဉ်နံနက်၈နာရီမှ ည၈နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါး၌ -၁ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်တွင် သုညဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၅ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ရခိုင်ပြည်နယ် စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီ စင်တီဂရိတ်မှ ၈ ဒီဂရီ စင်တီဂရိတ်အထိလျော့နည်းခဲ့သည်။ မန္တလေးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုည ဒီဂရီ စင်တီဂရိတ်နှင့် အမ်းမြို့၌ ၂ဒီဂရီ စင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီ စင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၄ ဒီဂရီ စင်တီဂရိတ်တို့ ဖြစ်သည်။

သာယာမည်

ဖေဖော်ဝါရီ ၆ ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတု အခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ သမိုင်းဘာသာ

၂၀၀၉ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာ သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်း ဆိုတာဟာလည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရှိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်းသိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်သက္ကရာဇ်တွေကို သိရှိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပခဲ့တဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာ တွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မယ့် အသင်းကြီးတစ်သင်းပေါ်ထွက်လာတယ်။ အဲဒါက ဂျီစီဘီအေ ဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး ဖြစ်တယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်း ပေါ်ပေါက်လာတယ်။ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာစတင်ဖွဲ့စည်းတာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး" ရဲ့ အခန်းကဏ္ဍမှာ အရေးပါတယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ ထိုအတောအတွင်း ခွဲရေး၊ တွဲရေး ပြဿနာပေါ်လာပြီး အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်၊ ခရစ်နှစ် ၁၉၃၈ ဟာထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီး စတင်ရန်နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ မြန်မာတို့က အင်္ဂလိပ်အခက် ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်း ဆိုတာပေါ်ပေါက်လာတယ်ဆိုတာကို သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။

အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြား လေ့လာလို့ရပါတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။ ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေတို့ရဲ့ အခန်းကဏ္ဍကို သီးခြားလေ့လာနိုင်သလို ရဲဘော်သုံးကျိပ်နဲ့ ဘီအိုင်အေကို တစ်ပေါင်းတည်းတွဲပြီး လေ့လာလို့လည်းရပါတယ်။ ဘီအိုင်အေနဲ့ ဘီဒီအေရဲ့အခန်းကဏ္ဍကိုတွဲပြီး လေ့လာရင်လည်း ရတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန် တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးရယူခြင်း အပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံ အမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုပါတယ်။

အင်္ဂလိပ်ခေတ်နဲ့ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေကို လေ့လာတဲ့အခါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး ကဏ္ဍတွေခွဲထားတဲ့အတိုင်း လေ့လာရမှာဖြစ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာတွင် ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ ဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ တရုတ်ဖြူ ကူမင်တန်ကျူးကျော်မှု၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာ ဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှုတွေကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရလက်ထက်၊ တော်လှန်ရေးကောင်စီလက်ထက်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားပါတယ်။ ယေဘုယျအခြေအနေတွေမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာကြရမှာဖြစ်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈ မှ ယနေ့အထိ ကာလကိုလည်း လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းမှာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရဟူ၍ နှစ်ပိုင်းခွဲပြီး လေ့လာသင့်တယ်။ ဒီလိုလေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းများအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေတွေကြောင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေး ညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ အသင်းကြီး၏ ဆောင်ရွက်ချက်များဆိုပြီး ပိုင်းခြားလေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသား လှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်ပါတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။ အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ်အားကောင်းလာခြင်းဟာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစေဖို့ အခြေအနေများဖန်တီးလာစေတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီး အင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံ ဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းမှာလည်း ကမ္ဘာ့သမိုင်းတွင် ထူးခြားသည့် ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယားစတဲ့ နိုင်ငံတွေဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲခဲ့ရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ် တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်း ဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနှင့် စစ်ရေးအကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

ယင်းအဖွဲ့ တစ်ဖွဲ့စီအကြောင်းကိုလည်း သိရှိဖို့လိုအပ်တယ်။ တစ်ဖက်မှာလည်း ဆိုဗီယက် ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်းပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)

၂။ အန်ဇပ် (ANZUS)

၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)

၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အားကျမခံ ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလတွင် နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု

၂။ ကိုရီးယားစစ်

၃။ စူးအက်အရေးအခင်း

၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေဟာလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ဖြစ်စဉ်များဖြစ်တဲ့အတွက် လေ့လာထားရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလေ့လာရာမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးဟူ၍ ခွဲခြားလေ့လာသင့်တယ်။

အလားတူပဲ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာရမှာဖြစ်တယ်။ လေ့လာတဲ့အခါမှာ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာတွင် အရှေ့တောင်အာရှဒေသကိုလည်း လေ့လာရမှာဖြစ်တယ်။ အရှေ့တောင်အာရှဒေသနဲ့ပတ်သက်ပြီး လေ့လာမယ်ဆိုရင် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံစီရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာရမှာ ဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာရမှာဖြစ်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်တို့ကို လေ့လာရမှာဖြစ်တယ်။ အာဆီယံအဖွဲ့ရဲ့ ဖွဲ့စည်းပုံ၊ အဓိကအစည်းအဝေးညီလာခံများ၊ အာဆီယံအမြဲတမ်းကော်မတီ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ အာဆီယံအတွင်းရေးမှူးချုပ်အကြောင်းများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

အလားတူ မြန်မာနိုင်ငံ၏ ဘက်မလိုက်လွတ်လပ်ရေးမူ၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေး သင်ခန်းစာတို့ကိုလည်း လေ့လာဖို့လိုတယ်။

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း(က)မှာ နံပါတ် ၁။(က)၊ ၁။(ခ)၊ ၁။(ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။(က) မေးခွန်းမှာ 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်း (၅)ပုဒ်၊ ကမ္ဘာ့သမိုင်း (၅)ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား' သို့မဟုတ် 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်း (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၂)ပုဒ် စုစုပေါင်း (၅)ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃) ပုဒ် စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို လေးပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို လေးပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို လေးပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ်ရဲ့ ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ အမှတ်(၂၀) ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ)မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ် အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်၏ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ အမှတ် (၃၀) ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ်ပါရှိမှာ ဖြစ်တယ်။ယင်း (၅) ပုဒ် အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်၏ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ အမှတ် (၃၀) ဖြစ်တယ်။

နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်

၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်

၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်

၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်

၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်း တင်ပြရင်း ပို့ချချက်ကိုရပ်နားလိုက်ပါတယ်။ ။

အဘိဓမ္မာသင်တန်းများဖွင့်မည်

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်တွင် အဘိဓမ္မာဋီကာကျော်၊ ဝိသုဒ္ဓိမဂ်ပုံမှန်သင်တန်းများကို ၇-၂-၂၀၀၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် စတင်ဖွင့်လှစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ တိုင်း သင်ကြားပို့ချမည်ဖြစ်ကြောင်း။

ချိုပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ-

(က) စက်ဘီးစက်ရုံ(ရန်ကုန်)တွင် အသုံးပြုရန် ကျားစီးစက်ဘီးအစီး (၈၀၀၀)နှင့် မစီးကြီးဘရိတ်အစီး(၂၂၀၀)အတွက် ကုန်ကြမ်း(၄)မျိုး၊

(ခ) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း စက်ရုံအတွက်လိုအပ်သော ဆောက်လုပ်ရေးနှင့် ရေသန့်ပစ္စည်းများဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၃-၂-၂၀၀၉ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၈၃၄၀နှင့် ၀၁-၅၁၀၄၄၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

အမည်ပြောင်း

အဖ ဦးတင်မောင်မြင့်၏သား ပဲခူးမှုနည်းပညာတက္ကသိုလ် B.E(EP)တန်းတွင် တက်ရောက်နေသော မောင်ချစ်မောင်အား ယနေ့မှစ၍ မောင်မျိုးကိုကို ဟု ပြောင်းလဲခေါ်ပါရန်။ မောင်မျိုးကိုကို

ချိုပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် ကုန်ကြမ်းနှင့် ချည်များဝယ်ယူလိုပါသဖြင့် ပြည်တွင်းပြည်ပ အဝယ်ဈေးနှုန်း အဆိုပြုလွှာတင်သွင်းရန် ကြော်ငြာအပ်ပါသည်။

TENDER NO:MTI/RM-9(L+F)/08-09

1.	MEDIUM STAPLE RAW COTTON	600MT
2.	POLYESTER STAPLE FIBRE	600MT
3.	ACRYLIC STAPLE FIBRE	20000KGS

TENDER NO: MTI/RM-10(L+F)/08-09

1.	20`D NYLON YARN	20000KGS
2.	2/80 MERCERIZED COTTON YARN (HANK)	50000LBS
3.	100% COTTON SOFT TWIST NE 40/1(WHITE/COLOUR)	122000LBS
4.	100% COTTON SOFT TWIST NE 30/1(WHITE/COLOUR)	400000LBS
5.	100% COTTON SOFT TWIST NE 24/1	40000LBS
6.	100% COTTON SOFT TWIST NE 20/1 (WHITE/COLOUR)	321000LBS
7.	35% POLYESTER 65% COTTON SOFT TWIST NE 30/1 (WHITE/COLOUR)	30000LBS
8.	2/64 MERCERIZED COTTON YARN (COLOUR)	52000LBS
9.	CEYLON 100% ACRYLIC NE 2/32	26000LBS
10.	150 DENIER 100% POLYESTER TEXTURED YARN	235460LBS
11.	300 DENIER 100% POLYESTER TEXTURED YARN	347225LBS
12.	370-400D CELON YARN	20000LBS
13.	35% POLYESTER 65% COTTON SOFT TWIST NE 24/1 (WHITE/COLOUR)	54000LBS

တင်ဒါပေးသွင်းရက်/ ပိတ်ရက် ၆-၂-၂၀၀၉ရက်မှ ၂၀-၂-၂၀၀၉ရက်အထိ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

နေပြည်တော်-ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၄၀၈၃၀၆

ရန်ကုန်-၁၉၂၂

ကမ္ဘာအေးဘုရားလမ်း(ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံဝင်းအတွင်း)

ဖုန်း-၅၅၆၆၆၇။

မဟာဗောဓိတထောင်ကျောင်းတိုက်

''လေးကျွန်းစကြာရုပ်တော်မှုရပ်ပွားတော်ကြီး'' ဗုဒ္ဓပူဇနီယပွဲတော်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ခတ္တန္တတောင်ရှာ၊ မဟာဗောဓိတထောင်ကျောင်းတိုက် ကျေးဇူးတော်ရှင် ပထမမဟာ နာယက ဆရာတော်ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ် တည်ထားမှုဖော်ဘဒ္ဒန္တမှုဖွဲ့သော အမြင့် ၄၂၄ပေရှိ ''လေးကျွန်းစကြာ ရုပ်တော်မှုရပ်ပွားတော်ကြီး'' ဗုဒ္ဓပူဇနီယပွဲတော်မင်္ဂလာအခမ်းအနားအား ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်နေ့ ၉-၂-၂၀၀၉ ရက်(တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်၍ သဒ္ဓါတော်အားလျော်စွာ လာရောက်လောင်းလှူ ကြည်ညိုကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မဟာဗောဓိတထောင်သာသနာ့ဂေဟာ

ချိုပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ယောင်းနွမ်းချွတ်ယွင်းနေသော ပုဇွန်တောင်မြို့နယ် သိမ်ဝရပ်ရှိ ယာယီခေါင်တည့် သိုလှောင်ရုံတစ်လုံးအား ချိုပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) တင်ဒါရောင်းချမည့်ရက်	-	၉-၂-၂၀၀၉ရက်
အချိန်	-	၉း၃၀နာရီ မှ ၁၆း၃၀နာရီအထိ
(ခ) တင်ဒါပိတ်မည့်ရက်	-	၁၁-၂-၂၀၀၉ရက်
အချိန်	-	၁၅း၀၀နာရီ
(ဂ) တင်ဒါသွင်းရမည့်နေရာ	-	မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး တိုင်းမန်နေဂျာရုံး၊ တနင်္သာရီတိုင်း၊ မြိတ်မြို့။

၂။ အဆိုပါသိုလှောင်ရုံတစ်လုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါတင်သွင်းရမည့် နေရာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၉-၄၁၀၀၂ တိုင်းမန်နေဂျာရုံး မြိတ်မြို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ယာဉ်မှတ်ပုံတင်အောင်ပါ ပိုင်ဆိုင်မှုလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၆၆၇၇ တိုယိုတာ... ဆလွန်း ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော် ၁၃/လရန(နိုင်)၀၂၂၂၂၅ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်မြို့တိုင်း(လားရှိုး)။

ယာဉ်မှတ်ပုံတင်အောင်ပါ မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆/၂၆၄၆ STAR (MYANMAR) 90-1 မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးခိုင်စိုး ၆/မတဓန(နိုင်) ၂၂၉၁၃၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္တီလာ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

နည်းပညာတက္ကသိုလ်များ၏ M.E/M.Arch ဘွဲ့အတွက်

ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

နည်းပညာတက္ကသိုလ်များ၏ ပထမအကြိမ်မြောက် M.E/M.Arch ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များရှိ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း	- ၂၈-၃-၂၀၀၉ ရက် (စနေနေ့)	နံနက်	၉း၀၀ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း	- ၂၉-၃-၂၀၀၉ ရက် (တနင်္ဂနွေနေ့)	နံနက်	၉း၀၀ နာရီ

ပထမအကြိမ်မြောက် M.E/M.Arch ဘွဲ့နှင်းသဘင်အခမ်းအနားသို့ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သော ၂၀၀၈ခုနှစ် မေလ ၁ရက်နောက်ပိုင်းမှစ၍ National Paperရရှိပြီး M.E/ M.Arch အောင်မြင်ပြီးသူများ တက်ရောက် ဘွဲ့ယူနိုင်သည်။

(က)တက်ရောက်ဘွဲ့	-	M.E/M.Arch ဘွဲ့အတွက် ၁၅၀ဝ/-(ကျပ်တစ်ထောင်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။
(ခ) အဝေးရောက်ဘွဲ့	-	M.E/M.Arch ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ× နှစ်လက်မ) အရွယ် ရောင်စုံ(သို့မဟုတ်) အဖြူ/အမည်း ဓာတ်ပုံ၁ပုံအား လျှောက်လွှာနှင့်အတူတက်ရန်နှင့် ဓာတ်ပုံ၏အနောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်။

ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များရှိ ကျောင်းသားရေးရာဌာနများမှဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၆-၂-၂၀၀၉ ရက် (ကြာသပတေးနေ့)နောက်ဆုံးထားပြီး လျှောက်ထားရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက် ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၄ ကော်လံ ၅ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီတို့သည် ယနေ့ညနေ ၅ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (အပေါ်ပုံ)

စာမျက်နှာ ၉ ကော်လံ ၁ ■

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ကိုမြန်မာ၏ ပိန္နဲပင် ဆွဲမထည့် ကြပါနဲ့ ဆောင်းပါး စာ - ၅ တွင် ဖတ်ရှုနိုင်ပါသည်။